ဒိဝါတပတိ အာဒိစ္စော ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထ သဗ္ဗမဟောရတ္တိံ ဗုဒ္ဓေါ တပတိ တေဇသာ [illegible]

အစိဋ္ဌာန်အောင် ပျော်ပျော်ရွှင်ရွှင် စနစ်တကျကျင်းပနိုင်ခဲ့သော (၆၂)ကြိမ်မြောက် ပုပ္ပါးဘိုးတော်အောင်မင်းခေါင် တစ်ကျော့ပြန်ကန်တော့ခံယူပွဲနှင့်ပြည်တော်ဝင်နန်းတက်ပွဲ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးရွာမ၊ ပုပ္ပါးတောင်ကလပ်တွင် (၆၂)ကြိမ်မြောက် ပုပ္ပါးဘိုးတော်အောင်မင်းခေါင်၏တစ်ကျော့ပြန် ကန်တော့ခံပွဲကြီးကို နှစ်စဉ်ကျင်းပနေကျအတိုင်း ကျင်းပခဲ့ပါသည်။ ၁၃၇၆ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁)ရက်နေ့မှစ၍ အဘ၏တပည့်သားမြေး ပဋ္ဌာန်းဆက်ရှိသူတို့သည် အဘအောင်မင်းခေါင်၏ဓာတ်ပန္နက်များဖြစ်သည့် မြန်မာပြည်အနှံ့အပြား နေရာစုံ၌ကန်တော့ပန်းဆင်ကြိုဆိုခဲ့ကြကြောင်းနှင့် ယိုးဒယား၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တရုတ်၊ အမေရိကန်နိုင်ငံများတိုင်အောင် အဘထွက်ပွဲကို ကြိုဆိုခဲ့ကြကြောင်းသိရသည်။

အဘထွက်ပွဲနှင့်ကြိုဆိုပွဲကို ပုပ္ပါးတောင်ကလပ်တွင် ကျင်းပြုလုပ်ခဲ့ရာ မြန်မာပြည်အနှံ့ အဘသားမြေးပဋ္ဌာန်းဆက်ကိုးကွယ်ယုံကြည်သူများသည် သောင်းသောင်းဖျဖျ လာရောက်၍ အောင်ပွဲကန်တော့ပွဲများထိုးကာ မနှစ်ကကတိပေးပြီး အဓိဋ္ဌာန်ပြုထားခဲ့သည့်အတိုင်းကန်တော့ပွဲဆက်ခြင်း၊ ဝတ်လဲတော်ဆက်ခြင်းများ၊ ပုတီးစိပ်၊ တရားထိုင်၊ ဂုဏ်တော်ပွား၊ ပရိတ်တော်ရွတ်ဆိုခြင်း၊ အောင်ဂါထာ ဟိန်းခြင်းများနှင့် အလှူငွေလှူဒါန်းခြင်းများဖြင့် ကုသိုလ်များပြုလုပ်ကြပြီး အဘအောင်မင်းခေါင်ထွက်တော်မူရာ လပြည့်ကျော်(၂)ရက်နေ့ ညနေ(၄)နာရီအချိန်မှ လပြည့်ကျော်(၃)ရက်နေ့ထိ ဘုရားဖူးလာရောက်ကြသူများဖြင့် ပြည့်နှက်နေပါသည်။

တောင်ကလပ်ပေါ်၌ တည်ထားကိုးကွယ်သောကမ္ဘာလုံးစေတီအောင်စေတီ၊ ထီးသုံးဆင့်စေတီနှင့်အဘအောင်မင်းခေါင် ဓာတ်ပန္နက်ပြုတည်ထားခဲ့သော ဘုရားပုထိုးစေတီနှင့် သာသနာ့ ရွှေဆောင်ဗိဿနိုးရုံများနှင့် သိကြားမင်း နတ်မင်းများကို အဘထွက်ပွဲနှင့်အတူ ပူဇော်ခဲ့ကြသည်။

(၆၂)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲနှင့်အောင်ပွဲကျင်းပရန် တောင်ကလပ်ဒေသခံများအနေဖြင့် ယမန်နှစ်ကလိုမျိုး ထော်လာဂျီကား Accident ဖြင့် လူသေဆုံးခြင်းမျိုးမဖြစ်ရအောင် ယာဉ်စည်းကမ်းများကို စနစ်တကျထိန်းသိမ်းသည့်အနေဖြင့် ဘုရားဖူးလာရောက်ကြသည့်ကားများစည်းကမ်းတကျစနစ်တကျရပ်နားစေပြီး အန္တရာယ်ကင်းရေးကို အလေးပေးဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ခဲ့ရသည်။

ယခုနှစ်ဘိုးတော်ထွက်ပွဲကာလ၌ ယခင်နှစ်က တောင်ကလပ်ပေါ်တွင် ခါးပိုက်နှိုက်များသောင်းကျန်းခဲ့သဖြင့် ပွဲတော်လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို တောင်ကလပ်ဂေါပကအဖွဲ့နှင့် သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့တာဝန်ရှိသူများမှ စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ခုစရိုက်ဖြစ်မှု ဘာအသံမှ မကြားခဲ့ရပါ။

ဘိုးတော်ထွက်ပွဲကာလ အခန်းငှားစရာမရှိအောင် အခန်းများပြည့်နေပြီး ဆိုင်ကယ်ကယ်ရီ အသွားအပြန်ကျောက်ပန်းတောင်း-ပုပ္ပါး(၈၀၀၀) နှင့် ဟိုနားဒီနားသွား(၂၀၀၀)ခန့်ပေးခဲ့ရသည်။ ရာသီချိန် ဆေးမြစ်စုံရောင်းသူများနှင့် ပွဲထိုးသူဈေးသည်များ အလုပ်ဖြစ်ကြသည်။

ဘိုးတော်ထွက်ပွဲကာလ စက်တင်ဘာလ(၆)ရက်၊ တော်သလင်းလဆန်း(၁၃)ရက်တွင် တောင်ကလပ်ပေါ်၌ အောင်ဓမ္မာရုံရေစက်ချပွဲနှင့် ကြွရောက်လာကြသောဆရာတော်သံဃာအပါး(၆၂)ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူကြခဲ့ကြပါသည်။ စာရေးသူသည် ဓမ္မမိတ်ဆွေတစ်ဦးနှင့်တူ (၉-၆-၂၀၁၄)နေ့တွင် သာစည်မြို့ ငါးဆူဗိဋ္ဌတရားရိပ်သာဆရာတော်ဘဒ္ဒန္တပဏ္ဍာဝမထေရ်မြတ်ကို ပစ္စည်းလေးပါးလှူဒါန်း၍ ဩဝါဒခံယူပြီး (၁၀-၉-၂၀၁၄)နေ့တွင် သာစည်မှ မိတ္ထီလာ၊ မိတ္ထီလာမှကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်းမှ ပုပ္ပါးအမှတ်(၁) သီလတောင် အောင်မြေအနောက်ဖက်တွင် သီတင်းသုံးနေသည့် ဇောတမ္မပါလရှင်ရသေ့(တရားသတင်းစောင့်ရှောက်သူ)ထံသို့ နေ့လည်(၁၂)နာရီတွင် ရောက်ရှိခဲ့ပါသည်။

အဘရသေ့သည် ပုပ္ပါးတောင်သို့ရောက်ရှိစဉ် (၂၀)နှစ်အတွင်းကျောက်ကိုးပွင့်အင်ကြင်းမြိုင်တောရရိပ်သာကို တည်ထောင်ပြီး ရသေ့တောင်စေတီ၊ သီလတောင်ရှိစေတီပုထိုးများ၊ မြစည်သုမဟာကန်တော်နှင့် ဝိဇ္ဇာဓာတ်ပေါင်းစုလိုဏ်ဂူ(ရွှေမင်းခုနှစ်ဆက်တို့၏ရာဇအောင်မြေ)ကို စောင့်ရှောက်ခဲ့ပါသည်။ လိုဏ်ဂူပေါ်တွင် ဥဏှီတော်(၉)တောင်ရှိ သဗ္ဗရာဇသုခစေတီတော်ကို တည်ထားခဲ့ပါသည်။ ယခုအခါ အလှူရှင်ပေါ်ပေါက်ခဲ့၍ ဥဏှီတော်(၁၁)တောင်သို့ ထပ်မြှင့်ပူဇော်ခဲ့သည်။ ဝါခေါင်လပြည့်နေ့တွင် နိုင်ငံတော်မှ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် (၅၃)ကြိမ်မြောက် သတ်မှတ်ခြင်းကို လေးစားဂုဏ်ပြုသောအားဖြင့် ၎င်းနေ့တွင်ပင် ထီးတော်ကိုတင်လှူပူဇော်၍ ရေစက်ချလှူဒါန်းနိုင်ခဲ့ကြောင်း သိခဲ့ရပါသည်။

ယခုအခါ ဆက်လက်ပြီး ဗုဒ္ဓရွှယ်တော်မြတ်(သီရိလင်္ကာ)ကမ္ဘာ့ဓာတ်ပေါင်းစု(၁၁)တောင်စေတီတော်ကို နှစ်ကျိပ်ရှစ်ဆူရှုပ်ပွားလိုဏ်ဂူစေတီတော်အဖြစ် မောင်ဒေးရှင်းပန္နက်ချကာ ဘုရားခံတုံးစတင်နေပြီး ပဋ္ဌာန်းဆက်ရှိသော (၇)ရက်သားသမီးများ၏လှူဒါန်းမှုများဖြင့် စေတီကို စတင်တည်နေပြီဖြစ်ကြောင်း သိခဲ့ရပါသည်။ အဘရသေ့၏ရိပ်သာ၌လည်း အဘအောင်မင်းခေါင်၏(၆၂)ကြိမ်မြောက် ပြည်တော်ဝင်နန်းတက်ပွဲကို မဏ္ဍပ်များထိုး၍ ခမ်းခမ်းနားနားကြိုဆိုထားပြီး ညချမ်းအချိန်တွင် မြန်မာပြည်စတားဆိုင်းအဖွဲ့နှင့် ရွှေဟံဆိပ်ဆုရှင်ရွှေညီအစ်မများ(ကျောက်ပန်းတောင်း)ဖျော်ဖြေရေးအဖွဲ့မှ အောင်သီချင်းများဖြင့် ကပြခဲ့ကြသည်။

တော်သလင်းလဆန်း(၃)ရက် နံနက်တွင် သာကေတဘိုးတော်အဖွဲ့နှင့်အတူ အရသေ့နှင့်စာရေးသူဘိုးတော်လေးတို့သည် (၁၁)တောင်စေတီနေရာ၌ (၂၄)ပဋ္ဌာန်းပစ္စည်း သံမြိုင်ရွတ်ဆိုဆုတောင်း ကန်တော့ အဓိဋ္ဌာန်မှုကို ပြုခဲ့ကြသည်။

အောင်ထီးကာနက်၊ မေမ့စက်မြင့်
မိဿာတွေရှင်း အမှောင်ခွင်း၍
အလင်းကိုဆောင်သော်. . .
အောင်မောင်းမြည်ဟီး
အောင်စည်တီး၍ အောင်ကြပါစေ
အောင်ကြပါစေ၊ အောင်ပါစေ. . .



ဓမ္မဘုန်းဘုန်းပြောပြတဲ့

အဘဘိုးမင်းခေါင်ထံမှာ ပြုလုပ်ရမယ့်ယကြာ

မင်းမြတ်မင်း

စိမ်းလန်းစိုပြည်သော မော်ဘီမြို့လေး၏ နံနက်စောစောအချိန်အခါ၌ ကျွန်ုပ်သည် ဓါးတလှ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်သောက်ပြီး အပြန်တွင် ဗဟာစီထောင်ကျောင်းတော်၌ ဘုရားပန်းများ လှူဒါန်းရန်အတွက် ဘုရားပန်း သွားဝယ်ရန် ကုလားကြီးကုန်စျေးဆီသို့ ထွက်လာခဲ့လေ၏။ လှပစိုပြည်သော ပန်းခင်းများကိုကြည့်ပြီး ဘယ်ပန်းကို ဘုရားလှူရင် ကောင်းမလဲလို့ ရွေးချယ်နေသည်။ ကြာပါတယ်။ ဘုရားရှင်အား သစ္စာပန်းပဲ လှူတော့မယ်ဟု ဆုံးဖြတ်ချက်ချ၍ ဘုရားပန်းများ၊ ထမင်းတပိုက်ကြီး ဝယ်၍ ကျောင်းသို့ပြန်လာခဲ့လေရာ ကျောင်းသို့အရောက်မှာ ကားသုံးလေးစီးနဲ့ ဧည့်သည်တွေရောက်နေလေရဲ့။ ဆရာတော့်နားမှာကလည်း ဒီနေ့ ဦးဇင်းဇော်က မလာဘူးဆိုတော့ တစ်ယောက်မှရှိမှာမဟုတ်ဘူး။ ငါ ကျောင်းပေါ်သို့ တက်ရင် ကောင်းမယ်လို့ တွေးရင်း၊ လက်ထဲမှ ပန်းများကို ဦးဇင်းပြားကြီးနဲ့ တာဝတိံသာဆိုတဲ့ ကျောင်းသားလေးလက်ထဲသို့ ထည့်ပြီး ဘုရားစေတီနဲ့ ပုဂ္ဂိုလ်တွေကို ပန်းများ လှူပေးရန် ပြောကြားလိုက်ရာ ဦးဇင်းမှ –

"ဟ ... ဗိုသား မင်း ဒီနေ့ ထူးဆန်းနေပါလား။ ဘုရားပန်းတွေ ကိုယ်တိုင်ဝယ်လို့ပါလား"

"တင်ပါ့ ဘုရား။ ဒီနေ့ တပည့်တော်မွေးနေ့မို့လို့ ကျောင်းတစ်ကျောင်းလုံး ဘုရားပန်းအိုး၊ ပုဂ္ဂိုလ်ပန်းအိုးတွေကို လှူချင်တာနဲ့ တပည့်တော် ကိုယ်တိုင် ဝယ်လာတာပါ ဘုရား။ အခုလည်း ကိုယ်တိုင် လှယ်မလဲ၊ ဧည့်သည်တွေရောက်နေတာနဲ့ ဆရာတော့်နားမှာ ဘယ်သူမှမရှိတာနဲ့ တပည့်တော် ပြေးရဦးမယ်၊ ဒါကြောင့် တပည့်တော်ကို ကူညီပါဦး။ တာဝတိံသာ၊ လှယ်လိမ့်မယ်၊ အရှင်ဘုရား ကြည့်ပေးရုံပဲ ဘုရား"

"ရပါတယ်ကွာ ...၊ ဒါဆိုလည်း မင်းသွားတော့၊ ခုနက ဆရာတော် မင်းကို မေးနေတယ်"

"တင်ပါ့ ဘုရား။ တပည့်တော် သွားလိုက်ပါဦးမယ်"

ကျွန်တော်လည်း၊ ကျောင်းကြီးပေါ်သို့ တက်လာခဲ့လေရာ ဟ ... လူတွေ များလှချေလား။ ကျွန်တော်တက်လာတော့ လူဆယ့်လေးငါးယောက်က ဆရာတော့်ကို ကန်တော့ပြီး ပြန်မလိုပ လုပ်နေတော့ ကျွန်တော်စိတ်ထဲမှာ တော်ပါသေးရဲ့ဟု ပြောလိုက်မိပြီး ဆရာတော့်နားသို့ ကပ်သွားတော့သည်။ ဆရာတော်လည်း၊ ကျွန်တော့်ကို တွေ့တော့ –

"ဟိုမှာ လာပါပြီ၊ ဒကာမကြီးတို့ တွေ့ချင်တဲ့ မင်းမြတ်မင်းဆိုတာ"

ထိုအချိန်မှာ လူလေးငါးယောက် ကျွန်တော့်ဘက်သို့ လှည့်ကြည့်ပြီး ပြုံးပြုံးနှုတ်ဆက်လေသည်။ ကျွန်တော်လည်း၊ ကြောင်အမ်းအမ်းဖြစ်ပြီး ပြုံးလို့ အသိအမှတ်ပြုပေးလိုက်ရ၏။ ဆရာတော်လည်း၊ ကျွန်တော့်ကို ကြည့်ပြီး –

"မြတ်မင်းရေ ... ဒီမှာ မန္တလေးကလို့ ပြောတယ်၊ မင်းကို ဖုန်းဆက်ထားတယ်ဆို ..."

အဲဒီတော့မှပဲ ကျွန်တော် အတွေးဝင်လာပြီး –

"ဟုတ်တယ် ဘုရား။ မန္တလေး အမရပူရက ဒေါ်ချိုချိုဝင်းနဲ့တူတယ်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

လူအုပ်ထဲမှ အသက် ၅၀ ဝန်းကျင်ရှိ မိန်းမကြီးမှ ထပြောတော့သည်။ အဲဒီတော့မှ ကျွန်တော်လည်း ဆရာတော့်ဘက်သို့ လှည့်ပြီး –

"အရှင်ဘုရား တပည့်တော်ကို ဖုန်းဆက်ထားတယ် ဘုရား။ သူတို့က ဇမ္ဗူဒိပ်ဂျာနယ် စာဖတ်ပရိသတ်တွေပါ ဘုရား။ အဲဒီထဲက အရှင်ဘုရားရဲ့ မျက်နှာဖုံးဆောင်းပါးယကြာကို ပြုလုပ်တာ အောင်မြင်တယ်ဆိုပြီး တပည့်တော်ကို ဖုန်းဆက်ထားတယ် ဘုရား။ ရန်ကုန်ကို လာပြီး ဆရာတော် တစ်ပါးကျောင်းဆောက်ဖို့ ငွေလာလှူမယ်ဆိုတာနဲ့ တပည့်တော်လည်း၊ လိပ်စာပေးထားခဲ့တယ်၊ မနေ့ကတော့ တပည့်တော်ကို ဖုန်းဆက်တယ်၊ ဒီနေ့လာမယ်ဆိုတာ ...၊ အဲဒါ တပည့်တော် ဆရာတော့်ကို လျှောက်ဖို့ မေ့သွားတယ် ဘုရား ..."

"ကောင်းရော မြတ်မင်းရာ ...၊ မင်းမှာဖြင့် မေ့နေတာနဲ့ တာနဲ့ ...၊ အရေးကြီးတဲ့လူ ဆိုရင် ဘယ်လိုလုပ်မလဲ"

"တပည့်တော် သိပါတယ် ဘုရား။ နောက်ဒါမျိုး မဖြစ်စေရပါဘူး ဘုရား"

"အေးပါ ... ထားလိုက်ပါတော့"

ထိုအချိန်မှာ ခုနက အသက် ၅၀ ဝန်းကျင်ရှိ အမျိုးသမီးဖြစ်သူ ဒေါ်ချိုချိုမှ –

"အရှင်ဘုရား၊ ဆရာမင်းမြတ်မင်းအစား တပည့်တော်မလည်း၊ တောင်းပန်ပါတယ် ဘုရား"

"ရပါတယ် ဒကာမကြီးရယ် ...၊ ဘုန်းဘုန်းက အမြဲတမ်းမနေကျပါ။ ဒါမှ သူ သိမှာ တတ်မှာပေ ..."

"ဟုတ်ပါတယ် ဘုရား"

ထိုအခါမှ ဒေါ်ချိုချိုတို့အဖွဲ့လည်း၊ ဆရာတော့်ကို မန္တလေးထိုးမုန့်၊ လက်ဖက်အကြော်စုံ၊ မြေပဲနဲ့ တဘက်အကောင်းစားတစ်ထည်ရယ်၊ ငွေသိန်း ၂၀ ရယ် ဆရာတော့်ကို ကန်တော့လေ၏။ ဆရာတော်လည်း၊ မေတ္တာပို့ကာ ဆုမွန်ကောင်းတောင်းပေးလိုက်တော့သည်။

"ဒါနဲ့ ဒကာမကြီးက ဘာလုပ်ငန်း လုပ်တာလဲ"

"တပည့်တော် ပုဇွန်၊ ငါးဆိုင် ဖွင့်ထားတယ်၊ ယခုနှစ်ရဲ့လည်း၊ သုံးမှုခိုင်တယ် ဘုရား။ ခုတိယတစ်ရက်က အမှုဖြစ်နေတာ။ အဲဒါ ဆရာတော်ရဲ့ ယကြာနဲ့ နှစ်ပတ်၊ သုံးပတ်လောက် လုပ်လိုက်တာ အမှုနိုင်သွားပြီး၊ ယခုနှစ်ရဲ့လည်း၊ ပြန်ရလာတယ် ဘုရား။ ပြီးတော့လည်း၊ အရောင်းအဝယ် ကျနေတဲ့ ကျောက်စိမ်းကလည်း၊ ရှုံးမလိုဖြစ်ပြီးမှ တပည့်တော်လည်း၊ စိတ်ညစ်နေရာကနေ အရှင်ဘုရားရဲ့ ဇမ္ဗူဒိပ်ဂျာနယ်မျက်နှာဖုံးဆောင်းပါးက ယကြာကို ချေလိုက်တာ အဆင်ပြေသွားတယ်၊ တပည့်တော်က ဆရာတော့်ကို မမူမပေမဲ့ ဆရာတော့်ကို ယုံတယ်လေ ...၊ အဲဒါနဲ့ တပည့်တော်လည်း၊ ၄ ၅ ပတ် ဆက်တိုက်ချေလိုက်တာ၊ တပည့်တော်လိုချင်တဲ့ စျေးနဲ့ အိမ်တိုင်ယာရောက်လာဝယ်သွားတယ် ဘုရား ...၊ ဝမ်းသာလွန်းလို့ ဆရာမင်းမြတ်မင်းနဲ့ ဆက်သွယ်ပြီး ဆရာတော့်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ လာလှူတာပါ ဘုရား။ အခုလည်း၊ ဆရာတော် နဝကမ္မသုံးဖို့က သိန်း ၂၀ နဲ့ တစ်ပါးကျောင်းအတွက် သိန်း ၃၀ ပါ၊ တပည့်တော်တို့မိသားစု လှူသွားပါမယ် ဘုရား"

"အေးကွယ် ... သာဓု သာဓု သာဓု၊ သာသနာ ဒီ့ထက်မက ပြန့်နိုင်ပြီး ကျန်းမာချမ်းသာကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား"

ထိုမိသားစုလည်း၊ စုစုပေါင်း၊ သိန်း ၅၀ တိတိကို ဆရာတော့်ကို လှူဒါန်းသွားပြီး မိသားစု သုံးယောက်ထဲမှ အနောက်တစ်ယောက်ကို လက်ညှိုးထိုးပြီး –

"အရှင်ဘုရား ...၊ သူက တပည့်တော်ရဲ့ သူငယ်ချင်းပါ၊ သူလည်း၊ မန္တလေးကပဲ ဘုရား။ သူက ဈေးချိုမှာ ဆိုင်ဖွင့်ထားတယ်၊ လက်ဖက်အစုံနဲ့ မုန့်မျိုးစုံ သရက်သီးသနပ်အစုံ ရောင်းတယ် ဘုရား။ ဆိုင်ကြီးပဲ ဘုရား။ သုံးဆိုင်တောင် ရှိတယ်၊ လက်လီလက်ကားရောင်းတာ ဘုရား ...၊ နယ်တွေကလည်း၊ အော်ဒါတွေ များတယ်၊ အဲဒီ သူ့ဆိုင်ရဲ့အရှေ့ဘက်မှာ ဆိုင်တစ်ဆိုင် လာဖွင့်တယ်၊ အဲဒီဆိုင်ဖွင့်ပြီးတဲ့နောက်ပိုင်း သူ့ အရောင်းအဝယ် သိသိသာသာကြီး ကျသွားတယ် ဘုရား။ အရင် သိန်း ၄၀၊ ၅၀ လောက် တစ်နေ့တစ်နေ့ ရောင်းရတာ အခု ၁၀ သိန်းတောင် နိုင်နိုင်နင်းနင်း၊ ရောင်းနေရတယ် ဘုရား။ အဲဒါနဲ့ တပည့်တော်လည်း၊ ရန်ကုန်သွားမယ်ဆိုတော့ သူ့ကို ခေါ်လာတာ၊ ဆရာတော့်ကိုလည်း၊ ဖူးရင်း၊ ယကြာလေးလည်း၊ လိုချင်လို့ပါ ဘုရား"

"ဪ ... အေး ... အေး ... လာလာ ဒကာမကြီး၊ ရှေ့တိုး ...၊ ဘုန်းဘုန်းရဲ့ တည့်တည့်မှာ ထိုင်ပါ၊ ဒါမှ ပြန်တည့်သွားအောင် ခတ်ပေးလိုက်တာ၊ ပြီးတော့ ဒကာမကြီး လိုက်ရေးရမယ်၊ ဘုန်းဘုန်း ယကြာနည်းနည်း ချီးမြှင့်ပေးလိုက်မယ်"

"တင်ပါ့ ဘုရား"

"ဒကာမကြီးအသက် ဘယ်လောက်လဲ"

"တပည့်တော် ၅၂ နှစ်ပါ ဘုရား"

"အေး ... အေး ... ကျန်းမာရေး နည်းနည်းသတိထားရမယ် ဝမ်းဗိုက် ဓာတ်ပေးလိမ့်မယ် ဘာမှမပူပါနဲ့ ဘဲဥတစ်လုံးပြုတ်ပြီး အခွံနွာလိုက်၊ ပြီးရင် ဓားနဲ့ အလယ်တည့်တည့်ကနေ အယားပေးလိုက်၊ ပြီးရင် ထမင်းဦးပေါင်းတစ်ပန်းကန်ထဲ ထည့်ပြီး အဲဒီဘဲဥကို ထမင်းပေါ်က တင်ပြီး ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ကပ်လှူပေးလိုက်၊ တစ်ပတ်ကို ၃ ရက် ပြုလုပ်ပေးပါ၊ လိုသောဆု ကျန်းမာရေးကောင်းစေရန် ဆုတောင်းပါ၊ အရာရာ အဆင်ပြေပြီး ကျန်းမာရေးကောင်းမွန်သွားလိမ့်မယ် ..."

"တင်ပါ့ ဘုရား"

"အေး ... အရောင်းအဝယ် ကောင်းမွန်ပြီး အတိုက်အခိုက်ကင်းစေရန်လည်း ယကြာလေး လိုက်မှတ်လိုက်ပါဦး၊ တိုက်ပုံတစ်ထည် ဝယ်ပြီး သံပုရာသီးတစ်လုံး ဝယ်၊ အဲဒီ သံပုရာသီးမှာ ခဲတံနဲ့ စာရေးလိုက် ...၊ 'အတိုက်အခံ ကင်းစေ' လို့ သံပုရာသီးအပေါ်မှာ ရေးပြီး တိုက်ပုံရဲ့ အိတ်ကပ်ထဲမှာ ထည့်ပြီး ဘိုးတော်အောင်မင်းခေါင်ရဲ့ ပုံတော်တစ်ခုမှာ သွားရောက်လှူဒါန်းပေးလိုက်ပါ၊ ကိုယ်တိုင် အောင်မင်းခေါင်ကြီးကို ဝတ်ပေးပြီး လိုသောဆုတောင်းပါ ...၊ ချက်ချင်းဆိုသလို အတိုက်အခိုက်တွေ ကင်းစင်ပျောက်သွားပါလိမ့်မယ် ..."

"တင်ပါ့ ဘုရား"

"အဘပုံတော်တော့ ရှာရမယ်နော်"

"ရပါတယ် ဘုရား၊ ရှိပါတယ်၊ တပည့်တော်ကို ဧကရီနားမှာ ဝိဇ္ဇာတန်ဆောင်းတစ်ခုမှာ အဘပုံတော်ရှိတယ်၊ အဲဒီမှာ လှူလိုက်မယ်"

"အေး ... အေး ... ကောင်းတာပေါ့၊ ပြီးတော့လည်း၊ ကုန်စုံဆိုင်တို့ ဘာဆိုင်တို့ပဲဖြစ်ဖြစ် အရောင်းအဝယ်ကောင်းချင်ရင် ဇီးကွက်တစ်ရုပ် ဝယ်ပြီး ဇီးကွက်ရဲ့ အရုပ်ပေါ်မှာ အဝါရောင်ဆေးနဲ့ ရေးရမယ် ...၊ 'အောင်ပါစေ' လို့ ရေးလိုက်၊ နှစ်ရုပ်စလုံးမှာ ရေးရမယ်၊ ပြီးရင် ဘယ်ဘက်တစ်ရုပ် ညာဘက်တစ်ရုပ် ချိတ်ဆွဲထားလိုက်ပါ၊ ပြီးရင် ဆိုင်ရဲ့ဘုရားမှာ အင်္ဂါနေ့နံနက် ၉ နာရီ ၂၀ မိနစ်က စပြီး ၄ ရက်ဆက်တိုက် လှူဒါန်းရမယ်၊ ပထမတစ်ရက် ပေါင်မုန့်မွှေးထောင်းတစ်ပန်းကန်ဆွမ်းပေါ့နော်၊ အဲဒီဆွမ်းပေါ်မှာ လက်ဖက်အသားတင်ပြီး၊ ဆီဆမ်းပြီး၊ တစ်ရက်လှူရမယ်၊ နောက် ဗုဒ္ဓဟူးနေ့မှာ မုန့်ဟင်းခါးတစ်ပန်းကန်လှူပါ၊ မုန့်ဟင်းခါးကို မွှေပေးပြီး ပဲကြော်တစ်ချပ် အုပ်ပြီး ဘုရားကပ်လှူပါ၊ လိုသောဆုတောင်း၊ နောက်တစ်ရက် ကြာသပတေးနေ့မှာ ရွှေဖလား ဆွဲတစ်ခွဲ အလယ်ကနေ ထားနည်းနည်းထပ်ထည့်ပေးပြီး ဘုရားရှင်အား ကပ်လှူပေးပါ၊ နောက်တစ်ရက် သောကြာနေ့မှာ မုန့်လုံးရေပေါ် ၃၆ လုံးကို ကော်ပန်းကန်နဲ့ထည့်ပြီး ဘုရားရှင်အား လှူဒါန်းပေးပါ၊ တစ်ရက်တစ်မျိုးစီ ၄ ရက် လှူဒါန်းပေးပါ၊

တစ်လကို ၂ ကြိမ် ပြုလုပ်လှူဒါန်းပေးပါ၊ ဒါဆိုရင် ဘာဆိုင်ဖြစ်ဖြစ် အရောင်းအဝယ် နဂိုအတိုင်း ရောင်းကောင်းပြီး စိတ်ပေါင်းစိတ်သစ် စည်စည်ကားကား၊ ရောင်းဝယ်ကောင်းမွန်ပြီး လာဘ်လာဘတွေ ရွှင်လာပါလိမ့်မယ်၊ အဲဒီယကြာကို တစ်လကို ၂ ကြိမ် ပုံမှန်လုပ်ပေးသွားပါ၊ လူမျိုးခြား ၁၀၀ ပါ၊ အမြဲလာရောက်ဝယ်စေ၊ ဇီးမှားတက်စေ၊ အရောင်းအဝယ်ကောင်းစေ၊ လာဘ်လာဘတွေ ပေါများစေ၊ အတိုက်အခိုက်တွေလည်း ကင်းစင် ပျောက်ပါစေလို့ ဆုတောင်းလိုက်ပါ၊ ဒကာမကြီးတို့ အဆင်ပြေပြီး စိတ်ချမ်းသာပါလိမ့်မယ် ..."

"တင်ပါ့ ဘုရား။ ကျေးဇူးကြီးမားလှပါတယ် ဘုရား။ အရှင်ဘုရားလည်း နားပါဦး။ တပည့်တော်တို့ကိုလည်း၊ ပြန်ခွင့်ပြုပါဦး ဘုရား"

"အေး ... အေး ... ကောင်းပါပြီ၊ သာဓု သာဓု သာဓု ..."

မန္တလေးက ပရိသတ်များလည်း၊ အပြန်ခရီးမှာ ပြုံးပျော်ရွှင်လို့ ပြန်သွားကြလေတော့၏။

မင်းမြတ်မင်း

ဆရာမနန်းယုနွယ်စိမ်းရဲ့
အဘဘိုးမင်းခေါင်ရဲ့
လမ်းညွှန်ချက်များနှင့် ဂမ္ဘီရကြုံတွေ့ရာ
ထွက်နေပါပြီ
ဖြန့်ချိရေး

အနတ္တသို့ အဲပြန်ခရီး

မဟာဗောဓိမြိုင်ဆရာတော်

မွေ့ယသော၊ ဘယ်သို့ပြောလည်း၊
လိပ်ကျောကြောင်ကော်၊
ပြောင်ချော်ချော်နှင့်
ပျောတပြုံးပြုံး။ ခေါ်မဆုံးတဲ့
နှလုံးမယှဉ်၊ ဉာဏ်မယှဉ်တည်၊
ငယ်စဉ်ယုတ်မာ၊ ဖိုခါဆိုးထိ၊
ဤသို့အားလျှင်
ယောက်ျားမိန်းမ၊ သမုတ်ကြလျက်
သုဘာထင်၍ လွန်ပျော်မွေ့၏၊
အတွေ့ခံစား၊ အောက်ရပ်သားတို့
ကျွဲနွားသိုးဆိတ်၊ အဟိတ်ပဟာ
ကာမာစာရ လေ့လာကြလျက်
ကာမသတ္တဝါ၊ ကာမမွှာ၌
ကာမသဘော၊ မိုက်မောဟစိတ်
ဆိတ်မှုမသိ၊ ညစ်နွမ်းဘိ၏ . . . ။ ။

မန်လည်ဆရာတော်ဘုရားကြီး အဲဒီလို [illegible]ပါ။ တရားသဘောတွေ ဘယ် [illegible]ပြောနေပေမဲ့ လူတွေကတော့ လိပ် [illegible] နုံနုံကြီးကို ကြောင်ကုတ်ကြောင်ကော် [illegible]ပါ။ ပြောင်ချော်ချော်နဲ့ တရားလမ်း [illegible] လွဲချော်နေကြတယ်။ ကာမတဲ့သား [illegible]တော့ ကာမလောကမှာပဲ ပျော်မွေ့နေလိုက် [illegible]တာ ကျွဲနွားသိုးဆိတ်တွေလိုပဲတဲ့။ တရား သဘောဆိုတာ တစ်ဆိတ်စာမျှ ဝေးရင် မသိ လောက်အောင် ကိလေသာရေအထပ်ထပ်နဲ့ ညစ် နွမ်းနေခဲ့ကြပြီ။

သံသရာအစကတည်းက မသိမောဟ အဝိဇ္ဇာနဲ့ စလာခဲ့ကြပြီ မသိအဝိဇ္ဇာနဲ့ပဲ ဆုံးဝုံးသွား ကြတယ်ဆိုနေ။ ဘယ်သတ္တဝါပဲဖြစ်ဖြစ် ရုပ်နဲ့နာမ် ခွန်တွဲဖြစ်ပျက်နေရာမှာ သံသရာစကတည်းက မသိရာက စခဲ့ကြတာ။ ကြက်ဥနဲ့ ကြက်ကောင် ဘယ်သူက စခဲ့သလဲ။ ဒီမေးခွန်းအဖြေ ပေးခဲ့တယ် ထင်ပါတယ်။

ရုပ်ဆိုတာက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော သဘောမတူတဲ့ ဓာတ်လေးပါး၊ အခြေခံ အကြောင်းပြုပြီးဖြစ်လာတာ။ အဲဒီဓာတ်လေးပါး [illegible] သူ့သဘောသူ ဆောင်ပြီး တွန်းလှိုက်တိုက်လိုက် [illegible]ရာက ရုပ်ဆိုတာ ဖြစ်လာတယ်။ ဓာတ် [illegible]ဟာ ကိုယ်ပိုင်သဏ္ဍာ ကိုယ်ပိုင်သဘောတွေ [illegible] ရှုပ်မြဲနေတာဖြစ်တော့ တစ်ခုနဲ့တစ်ခု မတည့် [illegible]ဘူး။ ပေါင်းမိတယ်ဆိုတာက မတည့်လို့ တိုက် ခိုက်ရင်း၊ တွန်းကန်ရင်း၊ ထိမိတိုက်မိ ပေါင်းမိ သွားတာ။ တစ်ခါ ဓာတ်တစ်ပါးချင်းမှာရောတဲ့ ယနက္ခင်ဘက်သဘောနဲ့ ဖွဲ့စည်းထားတာ တွေ့ ရလိမ့်မယ်။ ပထဝီဆိုတဲ့ မြေဓာတ်မှာ မာခြင်းနဲ့ [illegible]ခြင်း။ အာပေါဆိုတဲ့ ရေဓာတ်မှာ ယိုစီးခြင်း နဲ့ ဖွဲ့စည်းခြင်း။ ဒီလိုဆန့်ကျင်ဘက်အကြောင်းနှစ် မျိုး ကိုယ်စီပါလာကြတော့ သူ့တစ်ခုတည်းမှာ တောင် အချိုင်တဲ့သဘော မတည့်တဲ့သဘော ရှိတယ်။ သဘောမတူတဲ့ ဓာတ်လေးပါးဆိုမှာ [illegible] နှစ်မျိုးစီဆိုတော့ ဓာတ်ရှစ်ပါးရှမယ်လို့ ဖြစ် [illegible]။ အဲဒီဓာတ်သဘာဝတွေရဲ့ မြင်ရှုပ် [illegible] တိုက်ခိုက်မှုတွေကြောင့် ရုပ်ဆိုပြီး [illegible] လှုပ် ဓာတ်ရုပ် မွေးရုပ် [illegible] [illegible]

ဓာတ်လေးပါးမှာကြိုက် ဖြစ်လာတဲ့ ရုပ်ဟာ အတ္တလား၊ အနတ္တလား။

ဓာတ်လေးပါးဟာ သူ့သဘာဝနဲ့ သူ့သဘော သူ့ဆောင်တယ်လို့ ပြောခဲ့ပြီ။ ပထဝီဓာတ် ဆောင် ထားတဲ့ ကျောက်ဆောင်ကျောက်တောင်ကြီး ရေလို တလှုပ်လှုပ် စီးထင်းပါစေလို့ ပိုင်လို့ မရဘူး။ တဟုန်းဟုန်း တောက်နေတဲ့ မီးကို ကျောက် တောင်ကြီးလို တည်ငြိမ်ပါစေ ပြောမရဘူး။ သူ့ သဘော သူ့ဆောင်နေကြတယ်။ ကြက်ဟင်းခါး သီးရယ်၊ ထန်းလျက်ရယ်၊ သံပုရာသီးရယ်၊ ရှောက် သီးရယ် အတွနေကြသလို တစ်ခုနဲ့တစ်ခု ရောနှော သွားခြင်း မရှိ ကိုယ်ပိုင်လက္ခဏာနဲ့ နေကြတယ်။ မြို့နဲ့ မှစ် ရောချက်လို့ ချိုတာတစ်ခုတည်း ထွက်မလဲ ရှောက်သီးဆောင်ပြီး သံပုရာရည်လေး ဆမ်းလိုက် တော့ စပ်တာလည်း မဟုတ်၊ ချဉ်တာလည်း မဟုတ်၊ 'စပ်ချဉ်၊ ချဉ်စပ်'ကလေး ဖြစ်သွားရော၊ ရှောက်ကလည်း စပ်တဲ့သဘောကို မစွန့်ဘူး၊ သံပု ရာကလည်း ချဉ်တဲ့သဘောကို မစွန့်ဘူး၊ လေးပါးဆိုတာ အဲဒီလို သူ့သဘော သူ့ဆောင်နေ တာ။ ကြက်ဟင်းခါးသီးကို မျက်နှာချိုသွေးလို့ လည်း ချိုလာလိမ့်မယ်မဟောက်မေ့နဲ့ သူ့ငွေကြီး တာတော့လည်း ခါးပြလိမ့်မယ်။ ဆင်းရဲသားစား လည်း၊ အမီးက ခါးမှာပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်း တစ် ထောင်ကလည်း ခါးခဲ့တယ်၊ ခုလည်း ခါး၊ နောင် လည်း ခါးလိမ့်မယ်၊ အဲဒီလို ကြက်ဟင်းခါးသီးဟာ သူ့သဘောသူ့ဆောင်ပြီး ခါးနေတာ တို့က ချိုပါ စိုလို့ ချိုမလာဘူး။

'မချိုပါဘူး ဘုရား'

'အဲဒီလို သူ့သဘောသူ့ဆောင်နေတယ်ဆို တာ အတ္တလား၊ အနတ္တလား'

'အနတ္တပါ ဘုရား'

'ဒါပဲ၊ တို့ရှာနေတာ ဒါပဲ။ တရားဆိုတာ ကိုယ့်သဘောအတ္တမဟုတ်၊ သူ့သဘောသူ့ဆောင် နေတဲ့ အနတ္တပါလားဆိုတာ သိအောင်မြင်အောင် ရှာနေကြတာ ဟိုဟိုဒီဒီ လိုက်ရှာရတာမဟုတ်ဘူး ဒီရုပ်ဒီနာမ်ထဲမှာပဲ ရှာရတာ။ အဲဒီတော့ ရုပ်ဆိုတာ ဓာတ်လေးပါးကြောင့်ဖြစ်ခဲ့တာဆိုတော့ ဒီဓာတ် လေးပါးဟာလည်း သူ့သဘော သူ့ဆောင်နေတာ ဆိုတော့ အတ္တလား၊ အနတ္တလား'

'အနတ္တပါ ဘုရား'

'သံသရာ ဒီလို စခဲ့တာ ရုပ်ဟာ အနတ္တ အခြေခံ အနတ္တဦးဆောင်ပြီး ဖြစ်ခဲ့တာ၊ ဒီရုပ်ကြီး မအိုရ မနာရ မသေရ တားလို့ရလား။ အဲဒီလို အနတ္တက စခဲ့ပါလျက် ဒီကနေ ဒီလောက အတ္တ အတ္တတွေနဲ့ ဘာကြောင့် အတ္တတွေ ဖုံးလွှမ်းနေ တာလဲ။ ဒီမှာ 'နာမ်ရဲ့အစနဲ့ကတ္တ' ဝင်လာပြီ။

နာမ်က အဝိဇ္ဇာက စခဲ့တာ။

ပဋိသန္ဓေနေရှိန် အကောင်းအဆိုး အကျိုး အပြစ် ဘာမှမသိသေးဘူး။ မွေးလာပြီ ဘာမှ မသိ သေးဘူး။ ဒါပေမဲ့ မွေးလာပြီဆိုတာနဲ့ အမြင်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဆို တဲ့ အာယာတနတွေက ဆီးကြိုနေပြီ၊ ဒီအာယာ တနတွေက သူ့ကို ဆွဲငင်မယ်၊ တိုက်ခိုက်မယ်။ အဲဒီမှာ သူ ဘယ်လိုတုံ့ပြန်သလဲ။ ဓာတ်လေးပါး နဲ့ ဖွဲ့စည်းထားတဲ့ ရုပ်တွေမှာ ဦးဆောင်တဲ့ အာကဲ တဲ့ဓာတ်ဆိုတာ ရှိတယ်။ ပထဝီဦးဆောင်တဲ့ ရုပ် က လေးမယ်၊ နေးမယ်၊ ဝါယောဦးဆောင်တဲ့ရုပ် က လျှင်မြန်မယ်၊ လှုပ်ရှားမယ်၊ ရုပ်တစ်ခုနဲ့တစ်ခု မတူဘူး။ လူတွေ ဇော်ကသိုဘာ ကွဲနေတာလည်း ဦးဆောင်တဲ့ဓာတ်ချင်း မတူလို့၊ အကြိုက်ချင်း မတူ တာလည်း ဓာတ်ချင်း(အာကြီးတဲ့ဓာတ်)မတူလို့။

အဲဒီတော့ ပထဝီဦးဆောင်တဲ့သူ ဆိုပါစို့ သူ့ဓာတ်ခံနဲ့ ညီမျှတိုက်မက်လက်ခံနိုင်တာကိုပဲ သူ ရှာလိမ့်မယ်။ သူ့ဓာတ်နဲ့ ကိုက်ညီတာတွေမှ ရှာ သူ နေသာထိုင်သာ ရှိလာမယ်။ အဲဒီမှာ အကြိုက် ဆိုတဲ့ တဏှာဖြစ်ပေါ်လာပြီ။ သူကြိုက်တာကို မရရအောင် မရရတဲ့နည်းနဲ့ ရှာဖွေသိမ်းပိုက်ဖို့ အား ထုတ်လာရာက 'အတ္တ'ဆိုတာ ဖြစ်လာတယ်။

မြေဟာကောင် ဆိုပါစို့။

မြေဟာ [illegible] ဒီတော့ အေးတဲ့သတ္တဝါ [illegible] တစ်ပါးရဲ့ တစ်ကိုယ်ကောင်းကို ဖျက်ဆီးပစ်ရ တော့မယ်၊ ကိုယ်ချင်းမစာနိုင်တော့ဘူး၊ ဒီသဘော [illegible] ကြိုက်စိတ်ဟာ [illegible] [illegible] 'ဓွေမှုလ' [illegible]

ရုပ်က ဓာတ်လေးပါးသဘောနဲ့ ဆောင်ရွက်ပြီး သူ့သဘောသူ့ဆောင်ပြီး တစ်မျက်တည်း မျက် ကျနေတာ၊ နာမ်က ဖြစ်တယ်ပဲယင်နေတာ။ ထင် မှာပေါ့ နာမ်က အဝိဇ္ဇာ မောဟ မသိစိတ်နဲ့ လာခဲ့ တာပဲ။ ဒီကြားထဲ တဏှာနဲ့ပေါင်းမိတော့ ပြီးပါလေ ရော။ ဖျက်နေပါတယ်ဆိုမှ ဖြစ်တယ်ချည်း ထင်

စာမျက်နှာ(၆)သို့

စာမျက်နှာ(၂) မှ အဆက်

နေပါရော၊ ပြောင်မြန်း အဲဒီ ရုပ်နဲ့နှာဝ် သဘော ချင်း မတူကြ မတည့်ကြဘူး။ စာရုန်းကတော့ ရုပ်ဆိုတဲ့ ကြက်ဥကပဲ။ ကြက်ကောင်ဆိုတဲ့ နာဝ် ကလေး ပေါက်လာမှ ဒီကြက်ကောင်က ကြက်ဥ ကို ပြန်ပြီး ဖုံးဖွဲ့ပေးတော့တာကိုး။ အခုတော့ နာဝ် က သခင်၊ ရုပ်က ကျွန်။ စိတ်က မညွှာမတာ နိုင်သလို ဒီရုပ်ကြီးက ခုံပေးကတ်သတ်လိုက်လုပ် ပေးနေရရှာတယ်။

တစ်သံသရာလုံးက ဖုန်းတောင်ဖိ တောင်း စိပေါင်းစီလာတဲ့ မသိမောဟ အဝိဇ္ဇာရဲ့ဖွန်တာက ဘယ်လောက်များ ပြင်းထန်နေလိမ့်မလဲ။ ဒီရုပ်ကြီး ခံပေးတော့ အတွင်းမှာလည်း သူ့ဓာတ်လေးပါအာ ချင်းချင်း တွန်းတိုက်ပြီး ပျက်ကျနေတယ်။ အပြင် အာရုံတွေကလည်း ဒလေစ်တိုက်တာ ခံနေရ တယ်။ နားချိန် မရဘူး။ အသက်ရှိနေသမျှ ကာလ ပတ်လုံး အတိုက်ခံနေရတယ်။ တိုက်သမျှ ပျက်ကျ လို့ချည်းသာ နေတယ်။ ဒါပေမဲ့ တို့ပျက်လုံးတွေ က ပျက်တာကို မြင်သလားဆိုတော့ မောဟနဲ့ အဝိဇ္ဇာက ဖုံးထားလို့ မမြင်ဘူး။ မြင်အောင်လည်း မကြည့်ဘူး။ ရှေ့က ရုပ် ပျက်ကျသွားတဲ့နေရာမှာ နောက်က ရုပ်က အစားထိုးပေးထားတော့ ပျက် တာ မမြင် ဖြစ်တယ်ပဲ ထင်နေတယ်။ အဲဒီဖြစ် တာလေးဟာ နိုပေါ် လေထဲ ခဲတစ်လုံး ပစ်လိုက် လေထဲမှာ ပြန်မကျမီ ခဏလေးတန့်နေတာ လောက်ပဲ ကြာတယ်။ ဒီလောက် တိုတောင်းတဲ့ ဖြစ်တည်မှုကလေးကိုပဲ မြဲတယ်လို့ ထင်နေကြ တယ်။

ရုပ်ရှင်ပြတဲ့အခါ ရှေ့က ဖလင်ကွက်တွေ တစ်ကွက်ပြီးတစ်ကွက် ခက်က ရစ်သွားပြီး ပျက် သွားပြီ၊ ရှေ့က ဖလင်ကွက်နေရာ နောက်က ဖလင်ကွက်က အစားထိုးလည်ပတ်နေတဲ့သဘော ပဲ။ ကြည့်တာကလည်း ဖလင်ကို ကြည့်တာ မဟုတ်ဘဲ ဖလင်က ထင်လာတဲ့အရိပ်ကိုသာ ပိတ် ကားပေါ်မှာ ကြည့်နေကြတာဆိုတော့ မူလဖလင်ရုပ် မှာ ပျက်ကျနေတာ မမြင်သာတော့ဘူး။ အဲဒီလို မမြင်သာအောင်လည်း အဝင်အသံဆိုတဲ့ အာရုံ ပုံရိပ်တွေက ဖေါ်ထားပေးလိုက်ပြီ သာယာမှု အာရုံ ခံစားမှုထဲ မျောနေပြီ။ တဏှာက ဖြစ်ဖေးလိုက် ဖဲစားလိုက်တော့ နဂိုကမှ မသိပါဘူးဆိုတဲ့ မောဟဟာ ပို၍မသိတော့ဘူး။

အဲဒီ မသိမောဟ အဝိဇ္ဇာက ဖြစ်လာတဲ့ တဏှာဆိုတဲ့ ကြိုက်စိတ် လောဘဟာ သူလိုချင် တာ ရရင် ရ မရရင် ဒေါသဖြစ်လာတော့မယ်။ မောဟမှ လောဘ၊ လောဘမှ ဒေါသ သတ္တဝါ တွေကို ဒီလိုတည်ဆောက်ခဲ့တော့ အဖွဲ့နယ်ပယ် ကြီးဟာ ကျယ်သထက် ကျယ်လာတယ်။ ဒီအဖွဲ့ နယ်ပယ်ကြီးမှာ မောဟက ဦးစီးခေါင်းဆောင်၊ လောဘက စီမံခန့်ခွဲရေးသမား၊ ဒေါသက တိုက် ခိုက်ရေးသမား ဒီလိုဖွဲ့စည်းထားတယ်။ အဖွဲ့ နယ်ပယ်ဆိုတာက ပညတ်တွေချည်းပါပဲ။ ဒါက ဘာ၊ ဒါက ညာ၊ ပညတ်ပေါ်ရင် ကြိုက်ခဲ့ မကြိုက် ခဲ့တွေလည်း ပေါ်လာမှာပဲ။ ကြိုက်လောဘ၊ မကြိုက်ဒေါသ၊ မသိမောဟတွေနဲ့ တစ်ဘဝပြီး တစ်ဘဝ တစ်သံသရာလုံးတွင် ကျယ်လာလိုက် တာ လူ နတ် ဗြဟ္မာ အပါယ်တုံသားတွေ ဒီအဖွဲ့ နယ်ပယ်ကြီးက လွတ်ခဲ့ပြီလား။

မှုန်းဖြစ်တဲ့ **အဖွဲ့နယ်ပယ်ကို ဘယ်လို ဖြိုခွဲသွားကြမှာလဲ။**

အဖွဲ့နယ်ပယ်မှာ မသိမောဟကို ဦးစီး ခေါင်းဆောင်တင်ရင် တို့ကလည်း အသိကို ခေါင်း ဆောင်တင်ရလိမ့်မယ်။ သတိကို **စီမံခန့်ခွဲသူနေရာ** မှာ ထားရလိမ့်မယ်။ ဝီရိယကို တိုက်ခိုက်ရေးသမား အဖြစ် တာဝန်ပေးရလိမ့်မယ်။

ဘယ်နယ်လဲ။ မသိမောဟကြီးက ရှုမ် လှယ်တာ မခံချင်ပါဘူးဆိုရင်တော့ သိအောင်လုပ် ကြရလိမ့်မယ်။ ကိလေသာ နိုင်တော ပေးခံနေလို့ ကတော့ သိမလာဘူး။ သတိတင်းတင်းထားပါမှ ကိလေသာသင်လျှိုတာ အာရုံပါပါတိုက်ခိုက်တာ ကာကွယ်နိုင်ပြီ သူ့သဘောသူဆောင်နေပါတယ် ဆိုတဲ့ သဘောလေးကို သိလာလိမ့်မယ်။ တရား ဆိုတာ သဘောကလေးပဲ ရှိတာ။ သူ့ရှုပ်ပေါ် သူ နှစ်တင် သူ့ညာဏ်စဉ်သူပေါ်လာလိမ့်မယ်။ သတိ သာရှိ အသိအလိုလို ပေါ်လာလိမ့်မယ်။

အခုတော့ သံပုရာသီးမှ မစားရသေးဘူး။ ပါးစပ်ထဲ ချဉ်နေကြပြီဗျ။ ခွဲ့စိတ်တွေ ဘယ် လောက်နှာရှုံ့ပြီလဲ။ ထပ်ပြီး ခွဲနေလို့ကတော့ အဖွဲ့ မှ မလွတ်မြောက်နိုင်သေး။ တနေ့တွင် အပြန်ခေါ်မှ က စေလှာသနော်။ မသိရာက ခဲ့ပြီ၊ မသိရာနဲ့ ဆုံးခဲ့ရင် မသိရာက ပြန်စရာလိမ့်မယ်။ ဘောလုံး ကွင်းတစ်ပတ် ပြေးရတာတောင် လျှာထွက်အောင် မောနေကြတာ၊ သံသရာတစ်ပတ်ကြီးလည်ရတာ မောပဲ မမောနိုင်သေးဘူးကိုး။

'မောပါပြီ ဘုရား'

'အေး … တို့ငယ်ငယ်က ပွဲဈေးတန်း လျှောက်ကြတဲ့အခါ အရုပ်ဆိုင်ရှေ့ ရပ်ငေးမိသ လိုပဲ၊ အရုပ်ကလေးတွေက လိုချင်စရာ စီတန်း ချိတ်ဆွဲထားလို့ အောက်တန်းမှာ ရွှေရုပ်၊ နှာရုပ်၊ ကြက်ရုပ်ကလေးတွေ၊ အလယ်တန်းမှာတော့ နိုဗ ရုပ်၊ မီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ်ကလေးတွေ၊ အထက်တန်းမှာတော့ နတ်ဗြဟ္မာရုပ်ကလေးတွေ ကိုယ့်အရပ် ကိုယ့်မျက်လုံးနဲ့ ကိုယ်မြင်ရာအရုပ်သာ ဝယ်ခဲ့ကြတာနော်။ အောက်တန်းလောက် မြင်တဲ့ သူက ရွှေရုပ် ဝက်ရုပ်ပဲ အကောင်းဆုံး ဝယ်ခဲ့ လိမ့်မယ်ထင်တယ်။ အလယ်တန်းလောက်မြင် တော့ ဗိုလ်ရုပ်ပေါ့။ အထက်တန်းကို မျက်စိတန်း မိတော့ နတ်ရုပ် ဗြဟ္မာရုပ်ပေါ့ကွယ်။ ကလေးဘဝ ကလေးအသိနဲ့ ဝယ်ခဲ့ကြတာတွေ အခု ဝယ်ကြ သေးသလားဗျ …'

'မဝယ်ကြတော့ပါ ဘုရား'

'ဘာလို့လဲဗျ'

'ကလေးမဟုတ်တော့လို့ပါ ဘုရား'

'အေး … အသိက ပြောင်းသွားပြီကိုး။ ကလေးသိ သိပြီ၊ ကလေးကြည့် ကြည့်နေရင် တော့ ဆွဲမိဆွဲရာတစ်ရုပ်တော့ ဆွဲမြဲရလိမ့်မယ် နော်။ ဘဝဆိုတဲ့ ပွဲဈေးတန်းမှာ အသိလှမ်းမမီခဲ့ ပါသော် အောက်တန်းက ရွှေရုပ်တစ်ရုပ်လောက် ပဲ မြင်၊ ဖွေရုပ် ဝက်ရုပ်နဲ့ပြီ၊ ဆွဲကာ ပြန်ကြလိမ့် မယ်။

ဘဝကူးတယ်ဆိုတာ ခွဲရာဘဝကို သွားရ တာ။ သတ္တဝါတို့ရဲ့ မူလအစမှာသာ ရှိက ခဲ့ တာ။ ခုတိယ တတိယ ဘဝတွေ နောက်ဘဝ ဆိုတာတွေဟာ စိတ်ခွဲဝင်ရာ သွားရတာ၊ စိတ် (နာမ်)က ဦးဆောင်ခေါ်ငင်သွားတော့တာ၊ ဒီကနေ ကြက်မျိုးရမယ်လို့ သပ်သပ်မရှိတော့ဘူး၊ 'လူဖြစ် ကြက်'တွေရှည်း၊ ကြက်သားကြိုက်လို့ ကြက်ခွဲ ခွဲရင်း သေတဲ့လူတွေ ကြက်ထဲရောက်ကုန်တာ ဟုတ်ပလား'

'အဲဒီလို တိရစ္ဆာန်ဘဝရောက်သွားပြီဆို ရင် လူဘဝတစ်ခါပြန်လာဖို့ မလွယ်တော့ဘူး။ တိရစ္ဆာန်ဘဝ တစ်ရာလောက် ထပ်ဆင့်ရဲတွေ ခံ ပြီး ကျင်လည်လိုက်ပေဦး၊ တိရစ္ဆာန်ဘဝတစ်ရာ လောက် ရင်ဆိုင်မှ လူဘဝ တစ်ခါရတာ၊ ခါကြောင့် လူ့ဘဝည် ဒုလ္လဘ၊ လူဖြစ်ခဲ့ခြင်းတော့လည်း ဘုရား မှုန်းရှိမှ သာသနာ့နှင့်ကြုံနိုင် ကြုံပါပြီမှ အစွဲလား အနတ္တလား ဒုက္ခလား ကောင်းကောင်း ကွဲကွဲပြားပြားသိမယ်။ သာသနာ့နှင့်ကြုံ ကြုံနေပါ သော်လည်း၊ ဒီတရားမှုအပေါ် ယုံကြည်ချက် သချိုသမှုတို့နဲ့ ပြည့်စုံပါဦးမှ'

'လူတွေဟာ မှန်တိုင်း ကောင်းမကိုင်း ယုံ ကြပါဘူး။ ကိုယ်ကြိုက်တာသာ ကိုယ် ယုံနေကြ တာ'

'တရားမှုအပေါ် ယုံကြည်ချက် ရှိခဲ့သော် လည်း ယုံသလောက် ကျင့်နိုင်ခဲ့တဲ့ဘဝ၊ ကိလေ သာက လွတ်မြောက်အောင် ကျင့်နိုင်တဲ့ ဘဝ (သံသာဘဝမျိုး)ဟာလည်း ရခဲတယ်။ ကျင့်တဲ့အခါ မှာလည်း တရားနည်းလမ်းကောင်း ရှိနိုင်ခဲ့တယ် လို့ တို့အဘဘုရား အကြိမ်ကြိမ် အထပ်ထပ် မှာ ကြားခဲ့တယ်နော်။ အဲဒီတော့ အဖွဲ့နယ်ပယ်မှာ ကျင်လည်နေသရွေ့တော့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာအလိုဆိုးတွေကပြီး နိုင်စက် တာ ခံနေရမှာပဲ။ ဒီဒုက္ခတွေက လွတ်မြောက်ရာ အနဖွဲ့နယ်ပယ်ကို သွားချင်ကြပါတယ်ဆိုရင်ဖြင့် 'အမှုဟာ'လက်နက်ကြီး အသင့်ရှိကြပေမျာ။

သတိ အသိ ဝီရိယဆိုတာကတော့ ဒီလက် နက်ကို ထက်သထက် ထက်အောင် သွေးပေးနေ တာတွေပဲ။ ကဲ … နားကြပါစို့'

အညွှန်း

၁၄-၇-၉၇ နတ်တလွှတော်ရ ကန် ဘလှုမြို့နယ်မှာ ဟောပါတယ်။

မဟာဗောဓိမြိုင်ဆရာတော်

လောကုတ္တရာဘက်မှာပဲဖြစ်ဖြစ် လောကီ ဘက်မှာပဲဖြစ်ဖြစ်၊ အောင်မြင်ကြီးမြတ်ချင်ရင် လုံ့ လဝီရိယသာကြီးလိုအပ်လိမ့်မည်။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး မိန့်ခဲ့ရှိသည့် ဩဝါဒလေးက 'ဘုန်းကြီးက အလုပ်လုပ်ဖို့အ တွက်တော့ အသက်ရှည်ပါသေးတယ်။ အသက် ရှည်သမျှလည်း အလုပ်ကတော့ လုပ်နေမှာပဲ။ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်လည်း အသက် ရှည်၍ မနေလိုတော့ပါဘူး။ သေပြီးရုံပဲ အနားယူ ပါတော့မယ်။'ဆရာတော်ကြီးသည် အလုပ်ကို တန်ဖိုးထားတော်။ နားနေသည်ကိုမကြိုက်၊ တဲ့တိုက် လုပ်သည်ကိုလည်း မနှစ်မြို့၊ သဒ္ဓါ သတိ၊ သမာ ဓိ၊ ပညာတို့ ပါဝင်ဦးစီးသော လုံ့လဝီရိယကိုသာ မြတ်နိုးတော်မူ၏။ ထို့ကြောင့် ဖွဲ့လုံ့လဝီရိယ ကောင်းတော်မူခဲ့သော အလောင်းတော်ဇနက မင်းသားကို အားကျမိ၍ မိမိတို့ကိုယ် 'ဇနက'ဟု မိမိကာသာမှည့်ခဲ့လိုက်သည် မဟုတ်ပါလား။ လော ကလူသားများ ယနေ့အခါ ပေါ်ပေါက်လာ၍ ယနေ့ရှိ ဟိုင်အောင် မိမိတို့ ဖြတ်သန်းခဲ့ရသော ဘဝလမ်း ကိုနောက်ပြန်လှည့် မျှော်မှန်းဝေ့ဝဲကြည့်ကြည့် ပါ။ ပျော်ရွှင်ခဲ့ရသောဘဝ၊ ညှိုးနွမ်းခဲ့ရသောဘဝ၊ ဝမ်းသာခဲ့ရသောဘဝ၊ ဝမ်းနည်းခဲ့ရသောဘဝ၊ ပြုံးရုံခဲ့ရသောဘဝ၊ ချို့တဲ့ခဲ့ရသောဘဝ၊ အောင် မြင်ခဲ့ရသောဘဝ၊ အောင်မြင်မှုမရှိသောဘဝ၊ တစ် ခါတစ်လေ ကုန်းကမူတောင်တန်းအမြင့်လမ်းက သွား၍ တစ်ခါတစ်လေ အနိမ့်တန်း ချိုင့်ဝှန်းလမ်း က သွားရသော ခရီးသွားမဟာ တစ်ခါတလေ ဘဝမှန်တိုင်း၊ ဒီရေလှိုင်းထန်သော ရေလယ်တွင် လှေငယ်လေးဖြင့် ခရီးသွားရသလို အသည်းယား စရာ ရင်ခိုစရာ ပြောဘဝ ဘဝမျိုးနှံ ရုံမြင်လှ လေတော့။

ထို့ကြောင့် ရှုံသင်ကြိုင်သော ဘဝမျိုးကို ရောက်ခဲ့ရင်လည်း၊ ဘဝင်မမြင့်လေနှင့် ရှုံပြယ် သော ဘဝမျိုးတို့ဖြင့် တွေကြုံခဲ့ရင်လည်း၊ စိတ် ဓာတ်မကျ ဖွဲ့လုံ့လဝီရိယနဲ့ ပြန်လည်ကြိုးစားနိုင်ရ မည်။ မြန်မာပြည်မှာ ရုံရှင်သော ဂုဏ်သတင်း ကျော်စောခြင်းမရှိဘဲ ရှိနေသော စစ်ရိုလ်ချုပ်ကြီး မဟာစန္ဒလသည် ရာထူးရှိသော အမျိုးအနွယ်မှ မွေးဖွားလာခြင်း မဟုတ်ဘဲ သာမန်မှုဖြစ်သော လယ်သမားအမျိုးမှ မွေးဖွားလာရသူ ဖြစ်ပါသည်။ မြန်မာပြည်အထက်ပိုင်း၊ ဒီပဲယင်းနယ် နုဂုရွာ၊ တောလက်ကျေးရွာ ဇာတိဖြစ်ပါသည်။ မဟာစန္ဒ လ၏ ရဲရွှင်သတ္တိသည် ကြီးမားပြောက်မြှင့်အောင် မြှောက်ပင့်၍ တင်နိုင်ကြောင်းကိုလည်း သိကြပါ လိမ့်မည်။ ကြောက်ရွံ့တွန့်ဆုတ်သော သူသည် ကား အမြင့်အထွတ်သို့ ရောက်လိမ့်မည်မဟုတ် ပေ။ မိမိ၌ရှိပြီးသော ရည်မှန်းချက်သောက်ပင် လုံ့ မြအောင်စောင့်ရှောက်နိုင်ဖို့ မလွယ်ကူလှပေ။ ရဲ စွမ်းသတ္တိရှိသောသူသည် မိမိကိုယ်ကို အားကိုး၍ သူတစ်ပါးတို့ကို အားကိုးမှီခိုလိုသော ဆန္ဒနည်းပါး လေသည်။ ကိုယ့်အစွမ်းကို အားကိုး၍ ကိုယ်တိုင် ကြိုးစားလေ့ရှိသောသူသည် ကိုယ်ပိုင်ချမ်းသာမျိုး ကိုယ်ပိုင်ဂုဏ်မျိုးကို ရရှိနိုင်လေ၏။ ဤကမ္ဘာလော က၌ ကိုယ်ပိုင်ချမ်းသာသည်လွန်စွာ ထက်မြက်၍ လွတ်လပ်ခြင်းဂုဏ်နှင့် ပြည့်စုံလေသည်။ ကိုယ် ပိုင်ဂုဏ်မျိုးတန်ဖိုး ထိန်းလင်းဆိုသောအတိုင်း ကိုယ် ပိုင်ဂုဏ်မျိုးသည်ကား တန်ဖိုးကြီး၏။ မိမိကိုယ်ပိုင် ဂုဏ်ဖြင့် သူတစ်ပါးတို့ကို လွှမ်းမိုးနိုင်၏။ ကိုယ်ပိုင် ချမ်းသာမဟုတ်ဘဲ သူတစ်ပါးတို့၏ လက်အောက် ခံရသော ချမ်းသာမျိုးသည် အရသာမရှိသလို လွတ်လပ်ခြင်းမှုလည်း ကင်းဝေးပါသည်။ သူတစ် ပါးတို့၏ ဂုဏ်အရှိန်ကို မှီခို၍ရရှိသော ဂုဏ်မျိုးသည် လည်း တန်ဖိုးအရှိန်ဇော် အာနုဘော်ကြီးမားသည် မဟုတ်ပေ။ ထို့ကြောင့် ကိုယ်ပိုင်ချမ်းသာမျိုးနှင့် ကိုယ်ပိုင်ဂုဏ်မျိုးရရှိနိုင်ကြလေအောင် လုံ့လစွမ်း အင်နှင့် ကိုယ်ပိုင်ဂုဏ်မျိုးရရှိနိုင်ကြလေအောင် လုံ့ လစွမ်းအင်နှင့် ထက်သန်ရဲရင့်ခြင်းသဘောများကို မွေးမြူသင့်ကြပေသည်။

ဝီရိယရှိသောသူသည် ရဲရင့်ခြင်းသဘော ကို နားလည်၏။ ရဲရင့်ခြင်းနှင့် လုံ့လဝီရိယသည် တစ်ပိုင်တစ်စည်းတည်းဖြစ်ပါသည်။ ခြသေ့သည် အား ကောင်း၏ လုံ့လဝီရိယရှိ၏။ တောတောင်ကို အစိုး ရသော တောတွင်းဘုရင်ပင်ဖြစ်၏။ ကြောက်ရွံ့ သော စိတ်ကင်း၍ ရဲတင်း၏။ ထို့အတူ ကျွန်ုပ်တို့ တစ်တွေလည်း အမျိုး ဘာသာ သာသနာအ တွက် ဆောင်ရွက်ရာတွင် ရဲတင်းသောစိတ်ဓာတ် များသွင်း၍ မွေးမြူကာ ခြသေ့ကြီးပမာ အတုယူ ထိုက်ပါသည်။ ခြသေ့မင်းသည် အားအင်ပြည့်ဖြိုး ၍ တောသုံးတောင်ကို မည်မျှမင်းအုပ်စိုးရသော် လည်း လုံ့လဝီရိယမရှိဘဲ တစ်နေ့လုံး အိပ်ပျော်နေ ပါက အသယ်မှာ စားမှယ်ရပါအံ့နည်း။ အမျိုး ဘာသာ သာသနာကို ချစ်ခင်တန်ဖိုးထားတတ်သူ တိုင်း ခြသေ့မင်းကြီးလို အမြဲတမ်းနိုးနိုးကြားကြား ရှိရပါမည်။ ဤသို့လျှင် ('သီဟသည်ဒေါ်၊ ခြသေ့ သော်လည်း။ အိပ်ပျော်လျက်သား နေတုံပါမူ ဘယ်မှာစားမှယ်၊ ခံတွင်းလယ်သို့ သားငယ်သ မင်၊ လာ၍ဝင်အံ့နည်း')ဟူ၍ ပညာရှိတိုဆရာ များက ဆိုကြခြင်းဖြစ်ပါသည်။ ခြသေ့မင်းသည် အားကောင်းသလောက် ဝီရိယများကိုလည်း လျှော့ရဲပြုလေ့မရှိ အစားအဖြစ် သားကောင်မမ်း ရာတွင် သားကောင်က ငယ်သည်ဖြစ်စေ၊ ကြီး သည်ဖြစ်စေ သူ့ခွန်အားကို လျှော့ချမထားပဲ တစ် အားကုန်ကဲ၍ ခုန်ပြီးအုပ်ဖမ်းလေ့ရှိပါသည်။ အ ဘယ်ကြောင့်နည်း။ အစဉ်အလာကထားခဲ့သော လုံ့လဝီရိယများ လျော့ပါးသွားမည်စိုးသောကြောင့် (ဝီရိယများလျော့၍ အကျင့်ပျက်သွားမည်စိုးသော ကြောင့် ဖြစ်ပါသည်။) ခြသေ့သည် မြားကြီး အပစ် ခံရသောအခါ မြားကို လိုက်၍မကိုက်ပေ။ မြားပစ် သူပင်ရှိ၊ ရန်သူကိုသာလိုက်၍ ရှာတတ်သည့် ခြသေ့မင်းတို့၏ စိတ်ဓာတ်နှင့်လုံ့လဝီရိယတို့ကို ကျွန်ုပ်တို့၏ နှလုံးသားများမှာ ဝေဝေဆာဆာမပေ ကျန်းထိုးနိုင်မှသာလျှင် အောင်မြင်သောဘဝ အထွဋ် အထိပ်သို့ ရောက်လိမ့်မည်။

အမျှဝီရိယသာရာဝါဒီသ - ဟိမဝန္တာဇရ မင်းကျွန်းဆရာတော်ဘုရားကြီးဆိုရင် မြန်မာပြည် တင်မက တစ်ကမ္ဘာလုံးကပင် သိကြပါသည်။ မင်း ကျွန်းဆရာတော်ဘုရားကြီးသည် သုတ်ဝိနည်း၊ အ ဘိဓမ္မာ - ဆဋ္ဌသင်္ဂါယနာမူတော်ပါဠိတော် စာ အုပ်ကြီး စာမျက်နှာပေါင်း ၆၅၀၀ ကို အာဂုံဆောင် တက် သဘာဝအရောက်နှင့်တကွ ခံရာပေါက်ဆောင်မှုများ ကို အပါအဝင်နိုင်နင်းတော်မူသဖြင့် ဆဋ္ဌသင်္ဂါယနာ တင်သောအခါ ပါဠိ အဋ္ဌကထာ ဋီကာစိစစ်ရေး နှင့် မေးသမူဖြေဆိုရသော တာဝန်ကိုဆောင်တော် မူလာရသော သင်္ဂါယနာ မှုအဘက်တော်ကြီးဖြစ် တော်မူလေသည်။ ထို့အပြင် ပါဠိမတတ်ကျွမ်း သော တိုင်းသူပြည်သူ သာသနာ့ကျေးဇူးရှင် ဒါယကာ ဒါယိကာမများအတွက်လည်း အနယ် နယ်အရပ်ရပ် ခလစ် (ရုံးဂိတနေ့ ဆယ်ပွဲခန့်) ဟောပြောပေးတော်မူနေရသည့်ကြားက စာမျက် နှာပေါင်း ၉၁၆၃ မျက်နှာ ၆ တွဲ ၈ အုပ်ရှိ ပိဋ္ က သုံးပုံအနှစ်ချုပ် မဟာဗုဒ္ဓဝင် ကျမ်းကြီးကို လည်း ရေးသားတော်မူခဲ့ပါသည်။ သာသနာ့အာ ဓာနည် အရှင်မြတ်များကို တစ်ကမ္ဘာလုံးသိကြတာ အင်မတန်မှ ဆန်းကြယ်သလို ထိုထိုသာသနာ့ အာဓာနည် အရှင်မြတ်များ၏ ဖွဲ့လုံ့လ ဝီရိယများ သည်လည်း၊ အများကောင်းကျိုးဖြစ်ထွန်းစေ၍ ဆန်းကြယ်လှပကြပါသည်။ မင်းကွန်းဆရာတော် ဘုရားကြီး၏ မိန့်ဆိုတော်မူခဲ့သည့် စကားတော် သည်ကားလည်း၊ တကယ်ကြည်ညိုဖို့ကောင်း လေး စားလိုက်နာ အတုယူစရာပင် ကောင်းပါသည်။

'ဘုန်းကြီးက အလုပ်ကို များများလုပ်ပေ မယ့် အစွင့်အရေးကိုတော့ နည်းနည်းပဲ ယူလိုပါ တယ်' (သာဓုကို ဆိုလိုသည်)ဟူပင် ကြော ငြာ၍ ဘုရားလောင်းတော်ကြီးများ၏ လုံ့လဝီရိယ ကို သုံးတော်မူ၏။ တိုင်းပြည်နှင့် သာသနာအ တွက် မနောကိုယ်ကို အလျှော်အစားလုပ်ကာ လွန် စွာကြောင့်ကြစိုက်တော်မူပါသည်။ ဖော်လမြိုင်မြို့ ဆင်မြို့ ပရိယတ္တိ စာသင်တိုက်ကြီး၌ ကျွန်ုပ်သည် ပညာသင်ယူစဉ်အခါက သောတုဇနာ့သူငယ်ချင်း၊ တစ်ပါး လက်ဆောင်ပေးလာသော သီတဂူဆရာ တော်ဘုရားကြီး၏ ဆောင်ပုဒ်လက်ကြောင့် ရေးသား ထားသည့် ဆောင်ပါးတစ်ပုဒ်ကို နိဂုံးချုပ်လိုက် ပါရစေ။

ကြီးမြတ်သူ ဟူသမျှတို့
ယုံကြည်သည့် မြတ်နေရာ
ရောင်တဝင် ခုချက်ချင်းယူ၍မရပါ။
များသူတို့အိပ်နေရာညအခါဝင်သူမှား၊
အမြင့်ကိုသူမြင်လို့ သူ့အစဉ်နှစ်သက်လို့
ကျိုးကုတ်လေသော။

ကျမ်းကိုး၊

၁။ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ ပယ် ဘဝသာသနာ့ အရှင်ဟယာသိတ။

၂။ သီဟိုဠ်ဓော်မဲတော်ဝင် အခိုးသားများ၊ မွှာခရီးယဉ်ချေးကျင်း။

၃။ ကိုးတန်ခိုးမြန်မာ စကားပြေ

[illegible]

သာသနာ့ပြုဂျာနယ် [illegible]

သံသရာလူ့ဘုံတစ်ခွင်မှာ သင်ပိုင်ဆိုင်တာ ဘာတွေရှိခဲ့သေးလို့လဲ

လမင်းငယ် (ဟူမလင်း)

သင့်ခန္ဓာကိုယ်ရော သင်ပိုင်ဆိုင်သလား။ သင်စွေစဉ်ရှာဖွေခဲ့သော ပစ္စည်းဥစ္စာတွေရော သင်ပိုင်ဆိုင်သလား။ သင့်မိဘကိုရော သင်ပိုင်ဆိုင်သလား။ သင့်ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေရော သင်ပိုင်ဆိုင်သလားလို့ ဆန်းစစ်ကြည့်လိုက်တော့ ခန္ဓာကိုယ်လဲ ငါမပိုင်ဆိုင်ပါ။ ပစ္စည်းဥစ္စာလည်း ငါမပိုင်ဆိုင်ပါ။ မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေလည်း ငါမပိုင်ဆိုင်ပါ။ ကိုယ်ပိုင်ဆိုင်တယ်လို့ ထင်ခဲ့ရတဲ့ အရာတွေအားလုံးဟာ နောက်ဆုံးတော့ အနိစ္စတရားတွေချည်းပါပဲ။ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့သား၊ ငါ့သမီး၊ ငါ့သိငါ့တတ်ငါပိုင်ဆိုတဲ့ အတ္တအစွဲတွေနဲ့ စွဲမှတ်ခဲ့ရတဲ့ အရာတွေဟာလည်း နောက်ဆုံးတော့ အနိစ္စမမြဲခြင်းသဘောတရားတွေမှာပဲ ကြေလွင့်ပျက်စီးပျောက်ကွယ်သွားတော့တာပါပဲ။ အရာရာအားလုံးကို ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ဂုဏ်၊ ဩဇာ၊ အာဏာ၊ ပညာ၊ ရာထူးဂုဏ် ပကာသနတွေနဲ့သာဆိုင် ငါသာပိုင်ဟု ငါကိုငါ မာနတက်ခဲ့ပါ အခုတော့လည်း ဒါတွေအားလုံးဟာ အနိစ္စတရားတွေချည်းပါပဲ မဟုတ်လား။ သင်ပိုင်ဆိုင်ပါတယ်လို့ ထင်ခဲ့ရသော အရာရာအားလုံးတွေဟာ နောက်ဆုံးသေခါနီးတော့ သင့်အတွက် ဘာတွေများ ကျန်နေခဲ့လို့လဲ ဘာမှမကျန်ခဲ့ဘူး မဟုတ်လား။ သံသရာ လူ့ဘုံတစ်ခွင်မှာ သင့်ဘဝအတွက် ကျန်ခဲ့တာဆိုလို့ သင်စွေစဉ်မပျက်မကွက် ကျင့်ကြံပွား၊ အားထုတ်ခဲ့တဲ့ ဒါနကုသိုလ်ကံ သီလကုသိုလ်ကံ ဘာဝနာကုသိုလ်ကံပဲ ကျန်ခဲ့တာပဲ မဟုတ်လား။ တခြားဘာတွေများ ကျန်နေခဲ့လို့လဲ သင်စွေစဉ်အမြဲ ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းဥစ္စာ ရတနာရွှေငွေတွေဟာလည်း နောက်ဆုံးသေခါနီးတော့ ထားရစ်ခဲ့ရတာပါပဲ။

သင်အင်မတန်ချစ်ရပါသော မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေဟာလည်း နောက်ဆုံး သေခါနီးတော့ ထားရစ်ခဲ့ရတာပါပဲ။ သင်အင်မတန် မြတ်နိုးစွာ ချစ်ရပါသော သင့်ရဲ့ ချစ်ဇနီး၊ သင့်ရဲ့သားတွေ သင့်ရဲ့သမီးတွေဟာလည်း နောက်ဆုံးသေခါနီးတော့ ထားရစ်ခဲ့ရတာပါပဲ။ အခုတော့ သင်ပိုင်ဆိုင်တာ တန်ဖိုးထားတာဆိုလို့ ဘာများရှိသေးလို့လဲ။ ဘာမှမရှိဘူး မဟုတ်လား။ ဟောဒီတလောကလုံးမှာ ငါပိုင်ဆိုင်တာ ငါတန်ဖိုးထားတာ ငါမြတ်နိုးထားတာဆိုလို့ ဘာဆိုဘာမှ မရှိတော့ပါ။ မွေးတုန်းက ပါလာတဲ့ ခန္ဓာကိုယ်ကြီး အခုတော့ သင်ပိုင်ဆိုင်တာ ဘာများရှိသေးလို့လဲ။ အားလုံးဟာ အနိစ္စတရားတွေချည်းပါပဲ မဟုတ်လား။ ချစ်သာတယ်လို့ ထင်ခဲ့ရတဲ့ ငါ့ရဲ့ ခန္ဓာကိုယ်ကြီးအခုတော့ ဒုက္ခတွေချည်းပါပဲ မဟုတ်လား။ ဒါကြောင့် ပစ္စည်းဥစ္စာကိုလည်း ဝိပဿနာဉာဏ်မျက်စိနဲ့ ရှုမြင်သုံးသပ်ကြည့်ပါ။ မမြဲတာကို မမြဲမှန်းသင်ကိုယ်တိုင် တရားသဘောလေးနဲ့ လက်တွေ့သိမြင်လာပါလိမ့်မယ်။ တဏှာ အရှင်ကောင် အပုပ်ကောင် ဟန်ဆောင်ထားတဲ့ ခန္ဓာကိုယ်ကြီးကိုလည်း တဏှာမျက်လုံးနဲ့ မကြည့်ပါနဲ့။ မချစ်ပါနဲ့။ ဝိပဿနာဉာဏ် မျက်လုံးနဲ့ တရားသဘောသိအောင် ရှုမြင်သုံးသပ်ကြည့်ပါ။ ခန္ဓာကို ဝိပဿနာ ဉာဏ်မျက်လုံးနဲ့ ရှုမြင်သုံးသပ်ကြည့်မှသာ ခန္ဓာရဲ့ ဖြစ်ပုံ ပျက်ပုံမှိုတဲ့ သဘောတရားလေးတွေကို သင်ကိုယ်တိုင် လက်တွေ့သိမြင်လာပါလိမ့်မယ်။ မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမတွေကိုလည်း တဏှာမျက်လုံးနဲ့ မကြည့်ပါနဲ့ မချစ်ပါနဲ့ မြှူဝင်သန့်ရှင်းတဲ့ မေတ္တာမျက်လုံးနဲ့သာကြည့်ကြပါ။ ချစ်ခင်ကြပါ။ နေ့စဉ်နဲ့အမျှ သားသမီးတွေရဲ့အပေါ်မှာ ပစ္စည်းဥစ္စာတွေရဲ့အပေါ်မှာ တပ်မက်စွဲလမ်းတဲ့ စိတ်နဲ့ တဏှာမျက်လုံးနဲ့ ကြည့်နေမယ်။ ချစ်ခင်တွယ်တာနေမယ်ဆိုရင် တစ်ခနေ့ မမျှော်လင့်တဲ့ ဒုက္ခသောကအပူမီးတွေနဲ့ သင်ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ရပါလိမ့်မယ်။ မဖြစ်ခင်မှာ ကိုယ့်အသိတရားလေးနဲ့ ကြိုတင်ပြင်ဆင်ထားရင် ပိုကောင်းပါလိမ့်မယ်။

လောဘစတဲ့ တဏှာကိလေသာမီးတွေ မလောင်ခင်မှာ ကိုယ့်မီးကို ကိုယ်ငြိမ်းအောင် ဝမ္ဗရေအေးလေးနဲ့ ကြိုတင်ငြိမ်းသတ်ထားရင် ပိုကောင်းလိမ့်မယ်နော်။

ဟောဒီလောကကြီးမှာ ရှိနေကြတဲ့ သက်ရှိ သက်မဲ့တဲ့ အရာရာအားလုံးတွေဟာ ဘာမှမတည်မြဲဘူး။ ဘာမှမခိုင်မြဲဘူးဆိုတာ လူသားတိုင်းမှန်သမျှကြိုတင်မှန်းဆသိထားကြမယ်ဆိုရင် ယခုပစ္စုပ္ပန်ဘဝကတည်းက ကိုယ်ကိုတိုင် တရားအလုပ် ဝိပဿနာအလုပ်တွေကို ကြိုတင်ပြင်ဆင်အားထုတ်ထားသင့်တာပေါ့။ တကယ်တော့ ခန္ဓာကိုယ်ကြီးဟာ ဘာမှမတည်မြဲဘူး။ နေ့စဉ်နေ့တိုင်း ပျက်စီးခဲ့နေရတာ။ ဒါကြောင့် ခန္ဓာကို ကိလေသာတဏှာလောဘစတဲ့ သံယောဇဉ်ကြိုးတွေနဲ့ ရစ်ပတ်ချည်နှောင်ပြီး တပ်မက်စွဲလမ်း မနေသင့်ဘူး။ ခန္ဓာကို နေ့စဉ်နဲ့အမျှ တပ်မက်စွဲလမ်းနေရင် တော့ သင်ယခုရထားတဲ့ သံသရာ ခန္ဓာကြီးဟာ ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး။ ဆက်ပြီးတော့ ခန္ဓာအသစ်တွေရရှိနေဦးမှာပါ။ နေ့စဉ်နေ့တိုင်း ဝိပဿနာဉာဏ်မျက်လုံးတွေနဲ့ မတည်မြဲခြင်း။ ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့ ခန္ဓာရဲ့ သဘောတရားလေးတွေကို ဝိပဿနာဉာဏ်မျက်လုံးနဲ့သိအောင် မြင်အောင် ရှုမြင်သုံးသပ်ကြည့်လိုက်ပါ။ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက်မှုသဘောတွေကို ခန္ဓာဉာဏ်စိုက်ရှုမှတ်မှသာ၍ ရရှိလာမဲ့မှန်ကန်တဲ့ အနှစ်သာရတရားတွေဟာ သင့်အတွက် တန်ဖိုးဖြတ်လို့မရနိုင်တဲ့ ပိုင်ဆိုင်ခြင်းပဲ ဖြစ်ပါလိမ့်မယ်။

သင်နေ့စဉ်စားသုံးခဲ့သော အစားအစာ၊ သင်သိမ်းဆည်းခဲ့သမျှ ပစ္စည်းဥစ္စာ၊ သင်မြင်ခဲ့သမျှ သင်ကြားခဲ့သမျှ သင်အနံ့ခံခဲ့သမျှ သင်အရသာခံခဲ့သမျှ သင်ထိတွေ့ခဲ့သမျှ အရာအားလုံးတွေဟာ နောက်ဆုံးတော့ ကြေမွပျက်စီးသွားကြရတာပါပဲ။ သင်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ခန္ဓာကိုယ်ကြီး ပျက်စီးသေခင် သင်ကိုယ်တိုင် တရားသဘောလေးနဲ့ သေသေချာချာ ဝိပဿနာဉာဏ်မျက်လုံးနဲ့ မြင်အောင် မြင်အောင်ခန္ဓာရဲ့ဖြစ်ပျက်မှုသဘောကို မြင်အောင်ရှုမြင်သုံးသပ်ကြည့်စမ်းပါ။ ခန္ဓာရဲ့ ဖြစ်ပျက်မှုသဘောကို မြင်အောင်ကြည့်လေလေ သင်လိုချင်တဲ့ တရားအသိလေးတွေတွေ့မြင်ရလေလေပါပဲ။ သင်နေခဲ့သော နေ့ရက်အချိန်တွေဆိုတာ ဆုပ်ကိုင်ပြရာရှိသေးသလား။ သင်စားသုံးခဲ့တဲ့ အစားအစာတွေ သင်ဝတ်ဆင်ခဲ့တဲ့ အဝတ်အထည်တွေ သင်သုံးခဲ့ဖူးသော အသုံးအဆောင်တွေဆိုတာ ဆုပ်ကိုင်ပြရာရှိသေးသလား။ ဘာဆိုဘာမှ ဆုပ်ကိုင်ပြရာမရှိပါဘူး။ သင်လိုချင်ခဲ့သော တန်ဖိုး၊ ဩဇာ အာဏာတွေ သင်ပိုင်ဆိုင်ချင်ခဲ့သော ပစ္စည်းဥစ္စာ ရတနာရွှေငွေတွေ သင်အောင်မြင်ချင်ခဲ့သော ဒေါက်တာ BA.MA.BS.Ph.D စတဲ့ ဘွဲ့ထူးဂုဏ်ထူးကြီးတွေ သင်လိုချင်ခဲ့သော ရာထူးဂုဏ်ဖြစ်၊ ဂုဏ်ပကာသနတွေ သင်ရှာဖွေခဲ့သော ချစ်ခြင်းမေတ္တာ အသပြာတွေ သင်မြတ်နိုးတွယ်တာခဲ့သော ဇနီးမယား၊ သမီးသားတွေ သင်အင်မတန်အားကိုးပါတယ်ဆိုတဲ့ မိဘနဲ့ ဆွေမျိုးသားချင်းတွေ သင်ချစ်ပါတယ်ဆိုတဲ့ ချစ်သူခင်သူ ညီအစ်ကို မောင်နှမတဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေ အားလုံးတွေဟာ သင်သေသော နောက်ဆုံးနေ့မှာ သင်နှင့်အတူသင့်နောက်လိုက်ပါသွားမည်ဟု သင်ထင်ပါသလား။ မထင်လိုက်ပါနဲ့။ သင်ပိုင်ဆိုင်ပါတယ်ဆိုလို့ ထင်မှတ်ခဲ့ရတဲ့ အရာဝတ္ထုမှန်သမျှ အရာအားလုံးတွေဟာ သင်သေသောနေ့မှာ စွန့်လွှတ်ထားရစ်ခဲ့ရတာပါပဲ။

သင်ပိုင်ဆိုင်ပါတယ်။ သင်တန်ဖိုးထားပါတယ်။ သင်မြတ်နိုးပါတယ်ဆိုတဲ့ ခန္ဓာကိုယ်ကြီး တောင်မှ နောက်ဆုံးသေခါနီးတော့ မြေကြီးထဲမှာ စွန့်ပစ်ထားခဲ့ရတာပါပဲ။ ဘယ်မှာလဲ သင်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ပစ္စည်းဥစ္စာ၊ ရတနာရွှေငွေတွေ ဘယ်မှာလဲ သင်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ တန်ဖိုးဩဇာ၊ အာဏာ၊ ရာထူး၊ ဂုဏ်သိန်ပကာသနတွေ ဘယ်မှာလဲ သင်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ချစ်ခြင်းမေတ္တာ အသပြာတွေ ဇနီးမယား၊ သမီးသားတွေ ဘယ်မှာလဲ သင်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ မိဘဆွေမျိုး၊ ညီအစ်ကို မောင်နှမတွေ ဘယ်မှာလဲ သင်အင်မတန် မြတ်နိုးပါတယ်။ တန်ဖိုးထားပါတယ်။ ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ခန္ဓာကိုယ်ကြီး၊ သင်အခုရှာလို့တွေ့ပြီလား။ ရှာလို့မတွေ့တော့ပါ။ ဆက်ပြီးတော့လည်း ဒုက္ခရှာပြီး လိုက်မရှာပါနဲ့တော့ သင်လိုက်ရှာရင်သင်ပဲ ဘဝသံသရာလည်နေဦးမှာစိုးလို့ပါ။ ဒါပေမယ့် သင်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံလေးကတော့ သင်သွားလေရာ ဘဝသံသရာခရီးလမ်းမှာ အရိပ်မည်းကြီး တစ်ခုလို အမြဲတသွေ လိုက်ပါနေဦးမှာတော့ သေချာတယ်။

သံသရာခန္ဓာမဆုံးသေးသမျှ နိဗ္ဗာန်မရောက်သေးသမျှတော့ သင်နေ့စဉ်ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်လေးတွေကလည်း သင့်နောက်မှာ အမြဲတသွေလိုက်ပါနေဦးမှာပါ။ ရဟန္တာ ဖြစ်တဲ့နေ့ နိဗ္ဗာန်ချမ်းသာရောက်တဲ့နေ့ဟာ ဘဝ ခန္ဓာဆုံးတဲ့နေ့ပါပဲ။ ဘာကြောင့် ဘဝခန္ဓာ သံသရာလည်ရသလဲဆိုတော့ ရင်ထဲမှာရှိတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေငြိမ်းအောင် မသတ်နိုင်သေးလို့ပါ။ မီးရင်ထဲမှာ နေ့စဉ်နဲ့အမျှ လောင်ကျွမ်းခံနေရတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို ဝိပဿနာဆိုတဲ့ မေ့ရေအေးလေးနဲ့နိုင်အောင် ငြိမ်းသတ်နိုင်တဲ့နေ့ဟာ ရဟန္တာဖြစ်တဲ့နေ့ နိဗ္ဗာန်ချမ်းသာရောက်တဲ့နေ့ပါပဲ။

ခန္ဓာကိုယ်ကို ဝိပဿနာ အသိတရားလေးနဲ့ မမြင်လေသမျှတော့ ငါတို့ရဲ့ ဘဝတွေဟာ သံသရာဝဋ်ဒုက္ခအတွင်းမှာ နစ်မျောနေဦးမှာပါပဲ။ သံသရာဝဋ်ဆင်းရဲလို့ဆိုတဲ့ အဝိဇ္ဇာနဲ့ တဏှာ လောဘစတဲ့ ကိလေသာတရားတွေကို ဒီဘဝအပြီးပိုင် မရှုန်းထွက်နိုင်လေလေ ဘဝဟာ ပိုပြီးတော့ နိဗ္ဗာန်နဲ့ဝေးလေလေ ဖြစ်နေဦးမှာပဲ။

ဘဝတစ်ခုရဖိုက် ကိုယ်ပိုင်အသိတရားလေးနဲ့ အသိအမြင်မှန်ကန်အောင် ခန္ဓာကို ဝိပဿနာတရားသဘောလေးနဲ့ သတိနဲ့ ဉာဏ်စိုက်ပြီး ကြည့်ရှုသိမြင်မှုများများ အားထုတ်နိုင်မှ လူဖြစ်ရတဲ့ဘဝဟာ ပိုပြီးတန်ဖိုးရှိမယ် ပိုပြီးစိတ်ချမ်းသာမှာပေါ့။ ဘဝဆောတာ ရှင်သန်နေဖိုက် ခန္ဓာကို ကိုယ်ပိုင်အသိတရားလေးနဲ့ ဝေဖန်ပိုင်းခြားသိမြင်နိုင်မှ ပိုင်ဆိုင်နေရတဲ့ ဘဝဟာပိုပြီးစိတ်အေးချမ်းမယ်နော်။

အရာအားလုံးသည် ဘာမှမတည်မြဲသလို ဘာမှလည်း တည်တံ့ခိုင်မြဲခြင်း မရှိပါဘူး။ နေ့စဉ်နဲ့အမျှ ပြုပြင်ပြောင်းလဲ ပျက်စီးနေသည်။ ပိုင်ဆိုင်ပါတယ်ဆိုတဲ့ အရာဝတ္ထုမှန်သမျှတွေဟာ နောက်ဆုံးတော့ ကိုယ့်ရဲ့ဘေးနားမှာပဲ ကြေလွင့်ပျက်စီးပျောက်ကွယ်သွားကြရတယ်။ ဘဝတစ်သက်စာ ပိုင်ဆိုင်ပါတယ်လို့ ထင်ခဲ့ရတဲ့ အရာဝတ္ထုတွေဟာ နောက်ဆုံးတော့ ကိုယ့်လက်ထဲမှာ ဘာများကျန်နေခဲ့လို့လဲ ဘာမှမကျန်ခဲ့ဘူး မဟုတ်လား။

အသက်ရှင်သန်နေစဉ် စေတနာ၊ ကကိုယ်ပိုင်ဆိုင်ပါတယ်ဆိုတဲ့ ခန္ဓာကိုယ် ကိုယ်မြတ်နိုးချစ်ခင်ပါတယ်ဆိုတဲ့ ခန္ဓာကိုယ်ကြီး သေတဲ့အခါ ဘာများပိုင်ဆိုင်ရာတွေ ရှိသေးလို့လဲ။ ဘဝတစ်သက်စာ ပိုင်ဆိုင်တာဆိုလို့ ကိုယ်နေ့စဉ်ပြုလုပ်ခဲ့တဲ့ ဒါနအထုပ်၊ သီလအထုပ်၊ ဘာဝနာအထုပ်ပဲ ရှိတာပဲ မဟုတ်လား။ တခြားဘာတွေများ ရှိသေးလို့လဲ။ မရှိတာကို အရှိထင်ပြီး ကိုယ့်ကိုယ်ကို ဟန်တက်မနေစမ်းပါနဲ့။ မဟုတ်တာကို အဟုတ်ထင်ပြီး ကိုယ့်ကိုယ်ကို ပါကြားဝင်ကြွား ပြောမနေစမ်းပါနဲ့။

လူ့ဘုံဘဝ၊ လူ့ဘုံလောကကြီးခဲ့ရတဲ့ အချိန်လေးအတောမှာ ကိုယ်ပိုင်အသိတရားလေးနဲ့ နေတတ်၊ ထိုင်တတ်၊ ပြောဆိုတတ်ဖို့က ပိုအရေးကြီးပါတယ်။

ပစ္စည်းဥစ္စာကိုလည်းတွယ်တာပါ။ စွဲလမ်းပါ။ ရှာဖွေပါ။ မိဘကိုလည်း ချစ်ခင်ပါ။ ဆွေမျိုးကိုလည်း၊ တွယ်တာပါ။ ညီအစ်ကိုမောင်နှမတွေကိုလည်း ချစ်ခင်ပါ တွယ်တာပါ။ လင်နဲ့မယားသမီးနဲ့သားကိုလည်း၊ တွယ်တာပါ။ ချစ်ခင်ပါ။ ပြုစုစောင့်ရှောက် လုပ်ကျွေးပါ။ ဒါပေမယ့် ကိုယ့်စိတ်က ဘယ်လိုပဲ စွဲလမ်းလမ်း၊ ဘယ်လိုပဲချစ်ချစ် ဝိပဿနာ အသိစိတ်တရားလေးနဲ့ စွဲလမ်းတတ်ဖို့ မေတ္တာ အသိစိတ်လေးနဲ့ ချစ်နေတတ်ဖို့ အရေးကြီးပါတယ် လက်ရှိပစ္စုပ္ပန်ဘဝမှာ အစွဲကင်းအောင်နေတတ်ရမယ် ထိုင်တတ်ရမယ်။ ကျင့်သုံးရမယ်လို့ တရားသူက အတင်းအဓမ္မသင့်ကို မတိုက်တွန်းလိုပါဘူး။ လူတိုင်းက ကိုယ့်စိတ်၊ ကိုယ့်သဘော၊ ကိုယ့်တရားနဲ့ ကျင့်သုံးနေထိုင်ကြတာဆိုတော့ အရာရာတိုင်းဟာ ကိုယ့်စိတ်၊ ကိုယ့်သဘောနဲ့ ချုပ်ချယ်လို့မရပါဘူး။ ဒါပေမယ့် ကိုယ့်စိတ်က အဲဒီလောဘစွဲ ဒေါသစွဲ မောဟစွဲတွေရဲ့ အပေါ်မှာ အစွဲတွေ မလွှမ်းမိုးလေအောင် ကိုယ်ပိုင်အသိစိတ်တရားလေးနဲ့ ထိန်းချုပ်နိုင်တတ်ဖို့ ပိုပြီး အရေးကြီးပါတယ်။ အတာဝန်နေတဲ့ ငါတို့ရဲ့ပုထုဇဉ် လောကသားတွေဟာ ဘယ်လိုလုပ်ပြီး အစွဲကင်းအောင် အစွဲပြတ်အောင် ကျင့်ကြံပွားများအား ထုတ်နိုင်ပါမလဲ။ ဒါပေမယ့် လူတိုင်းက ဘယ်လောက်ပဲ အစွဲတွေ မကင်းနိုင်ဘူးလို့ပြောပြော ကိုယ့်စိတ်ကတတ်နိုင်သမျှ အစွဲတွေကင်းအောင် နေတတ်၊ ထိုင်တတ်၊ ကျင့်ကြံတတ်မယ်ဆိုရင် တရားအသိလေးဟာ သင့်ဘဝအတွက် နေ့တိုင်း ပိုင်ဆိုင်ခွင့်ရနေမှာပါ။

လမင်းငယ်(ဟူမလင်း)

ဓနသြိုင် Agency

သာသနာ့ရေးရာ သတင်းဆောင်းပါးမှ ဖော်ပြပေးပါရန်ပါ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဇေတဝနကျောင်းတိုက်ကြီးဝယ် သမ္ဗုဒ္ဓရှိသည့် ဘုရားရှင်သည် သဒ္ဓမ္မသဝန ယောနိသောမနသိကာရ ဟူသော ရတနာလေးပါးတို့။

သောတာပန်မဖြစ်သေးသော ပုဂ္ဂိုလ်တို့ လိုက်နာကျင့်သုံးရမည့် သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့သည် ၁။ သပ္ပုရိသသံသေဝ - မဂ်ဖိုလ် ရောက်ကြောင်း တရားကောင်းတို့ကို ဟောပြော ညွှန်ပြ ဆုံးမတတ်သော သူတော်ကောင်း ဆရာသမားတို့ကို မှီဝဲဆည်းကပ်ခြင်း။ ၂။ သဒ္ဓမ္မသဝန - မဂ်ဖိုလ်ရောက်ကြောင်းဖြစ်သော သူတော်ကောင်းတရားတို့ကို နာကြားခြင်း။ ၃။ ကုသိုလ်ဖြစ်အောင် အသင့်အတင့် နှလုံးသွင်းတတ်ခြင်း (ဝါ) နှလုံးသွင်းမှန်ခြင်း။ ၄။ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့ဖြစ်သည်။

ဒီတရားဟော စကားတော်ကိုကြည့်ပြီး မိုးကုတ်ဆရာတော်ကြီးက သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ ကျော်လွှာကြံကျင့် မဂ်ဖိုလ်မှင့်ရလတ္တံ့ ဟောနိုင်သာဟု စာစပ်တော်မူတယ်။ မဟာစည် ဆရာတော်ကြီးကလည်း သူတော်သူမြတ် မြဲဆည်းကပ်၍ မှတ်မှတ်သားသား တရားကိုနာ ပြုစွာနှလုံး တခြောင်းသုံး၍ အားထုတ်ကျင့်ကြံ သောတာပန်ဖြစ်ရန် အကြောင်းတရားလေးပါး တည်း။ ဟု စာဆိုတော်မူတယ်။

သောတာပန်ဖြစ်လိုသူဟာ ၁။ ဆရာကောင်းကို မှီဝဲဆည်းကပ်ရမယ်။ ၂။ တရားနာရမယ်။ ၃။ နှလုံးသွင်းမှန်ရမယ်။ ၄။ ကြိုးစားကျင့်ရမယ်။ ဒီအင်္ဂါလေးချက်နဲ့ ညီရပါမယ်။

ဒီအင်္ဂါလေးချက်မှာ နံပါတ် (၁) အင်္ဂါက ဆရာကောင်းကို မှီဝဲဆည်းကပ်ရမယ်ဆိုတော့ ယခုခေတ်မှာ လယ်တီဆရာတော်ကြီးတို့ မဟာစည် ဆရာတော်ကြီးတို့ မိုးကုတ်ဆရာတော်ကြီးတို့ ဒီ ဆရာတော်ကြီးတွေဟာ သူတို့ကိုယ်တိုင် တရား ထူး တရားမြတ်ကို ရသွားကြတာဖြစ်လို့ ဆရာ ကောင်းတွေပါ။ ဒီဆရာတော်ကြီးတွေရဲ့ ဥပဒေသ အတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကြရပါတယ်။

အင်္ဂုလိမာလမထေရ်ဖြစ်မည့် အဟိံသက ဟာ တက္ကသိုလ် ဆရာမဟုတ်တာကြောင့် လူ သတ်သမား လူဆိုးနာမည်ရခဲ့တယ်။ မြတ်စွာဘု ရားရှင်နဲ့ တွေ့မှသည်းကျေးလို့ တရားထူးရသွား ပါတယ်။ ဒါဟာ သပ္ပုရိသသံသေဝ ဆရာကောင်း ကို မှီဝဲဆည်းကပ်ခွင့်ရတဲ့ ကျေးဇူးပါပဲ။

ကျွန်ုပ်တော့ တစ်ခေါက် လင်ကုန်ရုံတော့ တစ်သက်လုံးမှောက်၊ ဆရာကုန်ရုံတော့ တစ်သံ သရာလုံး မှောက်ဆိုတဲ့ စကားရှိတယ်။ ဆရာမှား ရင် ပစ္စုပ္ပန်သံသရာနစ်ကြာ ဒုက္ခတွေ့ကြုံရတတ် တယ်။ ဆရာကောင်းမှီဝဲမြဲတော့ မိမိရဲ့ ကောင်း ကျိုးအားလုံး ပြီးစီးတဲ့အကြောင်း၊ ဗုဒ္ဓက အရှင် အာနန္ဒာကို မိန့်ကြားဖူးတယ်။ တရားရဖို့အတွက် ဆရာကောင်း အလွန်လိုအပ်ပါတယ်။

ဆရာကောင်းကို မမှီဝဲရလို့ ပစ္စုပ္ပန်ပျက်စီး ရန် နစ်သမ္မျှ ကမ္ဘာတစ်သိန်းပါရမီတွေ ဖြည့်ခဲ့ပါ လျက်ကယ်နဲ့ မှဆိုးကြီးဖြစ်နေတဲ့ ပုဂ္ဂိုလ်တစ် ယောက်အကြောင်းကို မောရသုတ်ပရိတ်စာတ် လမ်းမှာ တွေ့ရတယ်။ တစ်ချိန်တုန်းက ဘုရားအ လောင်းတော်ဟာ ဟိမဝန္တာအတွင်း၊ ရွှေဒေါင်း မင်းကြီး ဖြစ်လို့နေတယ်။ ဗာရာဏသီမင်းဟာ ရွှေဒေါင်းမင်းကို မြင်ချင်လို့ မုဆိုးကြီးတစ် ယောက်ကို လေတန်ကွာအပြည့်အစုံပေးပြီး ဖမ်းခိုင်း လိုက်တယ်။ ဥဒေါင်းမင်းက မောရသုတ်ပရိတ်ကို မနက်တစ်ကြိမ် ညတစ်ကြိမ်ပုံမှန်နေ့စဉ် ရွတ်ဆို နေတော့ မုဆိုးကြီးဖမ်းမမိဘူး။ နှစ်တွေအတော်ကြာ တဲ့အခါ ဥဒေါင်းမင်းကို ဖမ်းခိုင်းတဲ့ဘုရင်နဲ့ ဖမ်းတဲ့ မုဆိုးကြီးသာ သေဆုံးသွားတယ်။ ဥဒေါင်းမင်းက တော့ ဖမ်းလို့ကို မရဘူး။ ဒါကြောင့် အဲဒီဘုရင် နတ်ရွာစံ ကံတော်ကုန်ခါနီးမှာ 'ဥဒေါင်းမင်းကို ဖမ်းဖို့အကြောင်း၊ စာတမ်းရေးသွားတယ်' တကာဒီ လို 'ဥဒေါင်းမင်းရဲ့ အသားကို စားရတဲ့သူဟာ မအိုမနာ မသေအမြဲနေရမယ်'တဲ့ ဒီစာကိုဖတ်ရ တဲ့နောက် မင်းအဆက်ဆက်တို့ဟာ မုဆိုးတွေကို လွှတ်ပြီး ရွှေဒေါင်းမင်းကို မရမကဖမ်းဆီးကြ တယ်။ ဥဒေါင်းမင်း၊ အမြဲရွတ်နေတဲ့ မောရသုတ် ပရိတ်တန်ခိုးကြောင့် ဖမ်းမမိကြဘူး။

တစ်ဆက်သော မင်းလက်ထက်မှာတော့ ဥဒေါင်းမင်းကို ဖမ်းဖို့တာဝန်အပေးခံရတဲ့ မုဆိုးကြီးဟာ အသိဉာဏ်ပညာနဲ့ ပြည့်စုံတယ်။ မင်းအဆက်ဆက် ဖမ်းမမိတဲ့ ဥဒေါင်းမင်းဟာ ဘယ်လိုအစွမ်းတွေ ရှိနေသလဲဆိုတာ သူလေ့လာ ကြည့်တော့ မောရသုတ်ရွတ်တာကို သူသိရှိသွား တယ်။

(အနောင်အဖွဲ့က လွတ်လိုသူများ၊ အ နှောင်အဖွဲ့မခံလိုသူများ၊ မောရသုတ်ကို ယုံယုံ ကြည်ကြည်လေးလေးစားစား ရွတ်ကြပါလို့ အကြံ ပြုပါတယ်။) ဒီပရိတ်ကို မရွတ်မှ ဖမ်းနိုင်မယ်ဆို တာ သူသိရှိသွားတယ်။ အသေအချာ သင်ပေး ထားတဲ့ ဥဒေါင်းမတစ်ကောင်ကို ဥဒေါင်းမင်းကြီး ပရိတ်မရွတ်ခင်လွှတ်ပေးလိုက်တယ်။ ဥဒေါင်းမင်း ကြီး မြင်တော့ ဥဒေါင်းမင်းကြီး ပရိတ်ရွတ်ဖို့ မေ့ သွားပြီး ကာမဂုဏ်ဆိုတာ မေ့ဆေးပဲနေ့။ ဒီမှာ တင် မုဆိုးထောင်ထားတဲ့ သုတ်ကိုင်း ကျော့ကွင်း ထဲ မိသွားတယ်။ ဒုက္ခရောက်နေတဲ့ ဥဒေါင်းမင်း ကြီးကိုကြည့်ပြီး ပင်ကိုယ်က စိတ်ကောင်းရှိပြီး သနားစိတ်ဝင်လာတဲ့ မုဆိုးဟာ သတ်ဖြတ်ခြင်းမ ပြုတော့ဘဲ ကျော့ကွင်းက ဖြုတ်ပေးလိုက်တယ်။ မုဆိုးဟာ သနားကြင်နာတတ်တဲ့ စိတ်ဓာတ် ကောင်းရှိတယ်။ ဒီလိုဓာတ်ခံကောင်းရှိနေပါလျက် ဘာဖြစ်လို့ မုဆိုးဖြစ်နေသလဲလို့ မေးတဲ့အခါ သပ္ပု ရိသသံသေဝ ဆရာကောင်းမမှီဝဲရလို့ တရားမိုက် ရွှေ့ကပ်မိလို့ ဆရာမိုက်က ကုသိုလ်၊ အကုသိုလ် ဆိုတာ မရှိဘူး။ ကုသိုလ်ရဲ့ကောင်းကျိုး၊ အကုသိုလ်ရဲ့ ဆိုးကျိုးဆိုတာမရှိဘူး။ လုပ်ချင်ရာ လုပ် ဖြစ်ချင်သလိုဖြစ်နေတာလို့ သင်ပေးတာ ကြောင့် ဒီအလုပ်ကို လုပ်ကြောင်း၊ မုဆိုးကြီးဖြစ် နေရကြောင်း၊ ပြောကြားပါတယ်။

အခုတော့ အလောင်းတော် ဥဒေါင်းမင်းက ဒီလိုမမှုက်နဲ့ ဒီလိုမယူနဲ့ ကုသိုလ်ဆိုတာ ... တယ်။ အကုသိုလ်ဆိုတာလည်းရှိတယ်။ ကုသိုလ် ကကောင်းကျိုးကိုပေးတယ်။ အကုသိုလ်က ... ကျိုးကိုပေးတယ်လို့ သင်ပြပေးမှ ... ကမ္မဿကတဉာဏ် အမြင်မှန်ကို ရသွားတယ်။ အဲဒီ ... ဆင်တက်လို့ နေ့ခင်းပေါ် ဉာဏ်ရောက်ပြီး ... တာ ဝိပဿနာ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်မှ ... ကဗောဓိဉာဏ်ကိုရပြီး ပစ္စေကဗုဒ္ဓါဖြစ်သွားရတာ သည့် နံပါတ် ၁ အင်္ဂါသပ္ပုရိသသံသေဝ ဆရာ ကောင်းကို မှီဝဲဆည်းကပ်ခွင့်ရလို့ပါပဲ။

တရားစခန်းပွဲမှာ ယောဂီတွေကို ပြောပေး ဖြစ်တာက ယောဂေါအာနန္ဒမယာဂဒေ့မှာဝ ဒိန္ နယာဝ ဒေဿတော ပညာတြေ၊ သော ဝေဗိ မမ ရှမေယနေသဗ္ဗာဘာနန္ဒာ ဝါဘုရားရှင်သည် အ ကြင်သုတ်အဘိဓမ္မာတရားတို့ကို ဟောလည်း ဟောခဲ့ပြီ အကြင်ဝိနည်းတရားကို ပညတ်လည်း ပညတ်ခဲ့ပြီ အဲဒီငါဘုရား ဟောခဲ့ပညတ်ခဲ့တဲ့ တ ရားတွေဟာ သင်ချစ်သားတို့ရဲ့ဆရာပဲ။ တရား တော်တွေရှိနေသမျှ ဘုရားရှင်ရှိနေကယ်။ ဘုရား ရှင်ဆိုတဲ့ သပ္ပုရိသသံသေဝ ဆရာကောင်းကို မှီဝဲခွင့်ရနေကြတယ်။

ဒါကြောင့် ယောဂီကို တရားမလွှန်သေးပါ ဘူး။ သောတာပန်ဖြစ်ကြောင်း နံပါတ် ၁ အင်္ဂါ ပြည့်စုံပါသေးတယ်။ နောက်ပြီး ဒီဘုရားဟော တရားတွေကို ကိုယ်တိုင်ကျင့်လို့ ကိုယ်တိုင်ရပြီး ဖြစ်လာသည်ဟောပြောပြသသွားတဲ့ မဟာစည်မိုး ကုတ်လယ်တီစတဲ့ ဆရာတော်ကြီးတွေရဲ့ ဥာဏ်ချ အတိုင်း အားထုတ်ကြတာဟာ ဆရာကောင်းကို မှီဝဲခွင့် ဆည်းကပ်ခွင့်ရတာပါပဲ မိမိသဘောကျ တဲ့ နိုင်သာ မိမိနဲ့ ကိုက်ညီမယ်ထင်တဲ့ တရားကို နာယူကျင့်သုံးကြပါလို့ ပြောပေးဖြစ်ပါတယ်။

သောတာပန်ဖြစ်ကြောင်း နံပါတ် ၂ အင်္ဂါ က သဒ္ဓမ္မသဝနသူတော်ကောင်းတရား နာရ မယ်။ သစ္စာတရားနာရမယ် ဘုရားပစ္စေကာဗုဒ္ဓါ ကလွဲရင် တရားမနာဘဲ တရားထူးမရပါဘူး။ မေ့ ဓူတဆရာတော် ဦးပညာဇောတက 'တရားဆိုတာ နာရမှာ နာမှသိလေမှာ သိပါလေမှ ပြင်ပါရ ပြင်မှ ပြောင်းလေမှာ၊ ပြောင်းပါလေမှ ကောင်းတာရ ကောင်းမှုတရားပါ' လို့ အမိန့်ရှိသွားတယ်။

တချို့က တရားနာဖို့မလိုဘူး၊ အားထုတ် ဖို့ပဲလိုတယ်။ နာနေရင် အားထုတ်ချိန်လျော့သွား တယ်လို့ ပြောချင်ကြတယ်။ ... ယောင်နဲ့ လွဲမှားနေတာပါ။ ... နာမှ ဒိဋ္ဌိကွာမယ်။ ဒိဋ္ဌိကွာမှ အားထုတ်ရတာ လွယ် ကူတယ်။ မနာရင် ဉာဏ်မပွင့်ဘူး။ ဉာဏ်မပွင့်ရင် ခရီးမပေါက်ဘူး။ နာမှ အဝိဇ္ဇာ အဆင့်ဆင့်ကွာမယ်။ အဆင့်ဆင့်ကွာပြီးမှ အားထုတ်က မဂ်ဖိုလ်အရ မြန်နိုင်ပါတယ်။

အရှင်ကောသလ္လ(ရေနံ)

မရှေတော့ဘူးဟိုပြီး၊ ဟိုလူနစ်ယောက်ကို ပြန်ခေါ် ... သော်ပြီး ဂါကြည့်အောင်ကတော့ ဘုရားသားနဲ့ မတ် ... လျှပ်နှိုးခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ တရား

သိဒ္ဓိတက်လမ်းနှင့် ဝိဇ္ဇာစခန်း

ဆရာဦးသိန်းမောင်

သိဒ္ဓိဟူသော စကားစွန်းသည် ဗုဒ္ဓရှင် တော်မြတ်၏ ရွှေနှုတ်တော်မှ ပေါ်ထွက်လာသော စကားစွန်းမဟုတ်ပေ။ မြန်မာလိုပြန်လျှင် 'အကျိုး အားလုံးပြီးစီးခြင်း' ဟု အဓိပ္ပာယ်ရလေသည်။ ထို သိဒ္ဓိကိုပိုင်ဆိုင်သော ပုဂ္ဂိုလ်များအား 'သိဒ္ဓိပေါက်' ပုဂ္ဂိုလ်များဟု ခေါ်ဆိုကြလေသည်။ ဗုဒ္ဓရှင်တော် မြတ် ပွင့်တော်မူစဉ် အခါသမယတုံးကဒင်း၊ ဗုဒ္ဓ မပွင့်မီ ဟိုတက်ကာလကဒင်း၊ ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလွန်တော်မူသည့်မှစ၍ ယခုအချိန်ကာ လသို့ တိုင်အောင်ဒင်း ထို 'သိဒ္ဓိပေါက်' ပုဂ္ဂိုလ်များ တည်ရှိလေသည်။

ယခုခေတ်၌လည်း ထိုသိဒ္ဓိကို ယုံကြည်ကြ ၍ သိဒ္ဓိပေါက်ပုဂ္ဂိုလ်ကြီးများကို ရှာလျှက် ကိုးကွယ် ဆည်းကပ်ခါ သိဒ္ဓိတောင်းကြသူတွေကိုများစွာ တွေ့ရလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌ ထင်ရှားကျော်စော လျှက်ရှိသော ဘောင်မင်းခေါင် ဘိုးတော်ဘုရား သည် ပုပ္ပါးတောင်မြတ် တောင်ကလပ်၌ သီတင်း သုံးတော်မူလျှက်ရှိကြောင်းကို ကျွန်ုပ်တို့ မထေ တရားမဂ္ဂင်ကြီးမှ ကြေကြေကြလိုက်သည့်အ တွက် ဘိုးတော်ဘုရားအား (သိဒ္ဓိပေါက်ပုဂ္ဂိုလ် သိဒ္ဓိရှင်ကြီး)ဟု ယုံကြည်ကြသူတိုင်းပင် ဘိုးတော် ဘုရားအထံသို့ အရောက်သွားကြ၍ သိဒ္ဓိ တောင်းခံကြသည်ကို တွေ့မြင်ကြားသိကြရလေ သည်။ အချို့ပုဂ္ဂိုလ်များမှာ သိဒ္ဓိလိုချင်ကြလွန်း၍ အလွန်ရှုပ်ထွေးနေသော သူ့ပုံကို အကြားမှပင် ဖြတ်ကျော်လျှက်သွားကြရသည်။ အချို့မှာ သိဒ္ဓိ ရှင် ဘိုးတော်ဘုရားအထံသို့ ရောက်ကြ၍ ဘယ်ပု မှာ ဘိုးတော်ဘုရားအထံသို့ ရောက်ကြ၍ ဘယ်ပု မှာကား လမ်းခုလတ်မှပင် ပြန်လာခဲ့ကြရသည် ဟု ကြားသိရပေသည်။

ဘိုးတော်ဘုရားကြီးကား သိဒ္ဓိပေါက် သိဒ္ဓိ ရှင် မှန်ပုံက သာမန် သိဒ္ဓိပေါက် ပုဂ္ဂိုလ်မျိုးမဟုတ်သည့်အတွက် 'မဟာသိဒ္ဓိ' ပုဂ္ဂိုလ်ထွက်ရပ် ပေါက် ပုဂ္ဂိုလ်ကြီးဟု ထင်ပေါ်လျှက်ရှိပေ၏။

သိဒ္ဓိစခန်း - သိဒ္ဓိတက်လမ်းတို့မည်သည် ဓမ္မ ဓဿော အင်တို့ဖြင့် တက်ယူရသော သိဒ္ဓိမျိုး၊ ဓဆေးဝါးတို့ဖြင့် တက်ယူရသော သိဒ္ဓိမျိုး၊ ဧဒါ တို့ဖြင့် တက်ယူရသော သိဒ္ဓိမျိုး၊ ပြဒါးလုံး၊ သံ လိမ်းတို့နှင့် လှုပ်ရှား အတတ်ဖြင့် တက်ယူရသော သိဒ္ဓိမျိုး၊ သမာဓိဗိုလ်အစချက် သမထစခန်းဖြင့် တက် ယူရသော သိဒ္ဓိမျိုးစသည်ဖြင့် သိဒ္ဓိ တက်လမ်း တွေ အမျိုးမျိုးရှိလေရာ ထိုသိဒ္ဓိစခန်း၊ သိဒ္ဓိ တက်လမ်းတို့ကို အလိုရှိကြသူတို့သည် သိဒ္ဓိအထံ သို့ တက်ပါ။ဖြင့်၍ တောင်းယူသုံးနှင့် သိဒ္ဓိရှင်မဖြစ် နိုင်ပေ။ ဖြတ်လမ်းပြသည့် ရွှေချက်၌သာတည်သကဲ့ သို့ သိဒ္ဓိရှင်ဖြစ်လိုလျှင် မိမိတို့၏ကိုယ်တတ် နှင့် တတ်တို့ကိုလည်း၊ သန့်ရှင်းသော ရွှေချက်နှင့်တကွ ဘောင် ဝေဘာ၊ ဒေါ်သဓသော အညစ်အကြေး တို့မှ တတ်နိုင်သလောက် ကင်းရှင်းအောင် ထိုင်ရ မည်ဖြစ်မှသာ သိဒ္ဓိတည်နိုင်လေသည်။

သိဒ္ဓိကိုအလိုရှိသူတို့သည် အနီးဆုံးကာလ ပါကို လုပ်ပြီးအောင် စောင့်ထိန်းရမည်။ ကိုယ်ပါလုံ ပြီးပြီးသည်နောက်မှ ဆရာအထံ၌ သိဒ္ဓိကိုယူရာ၏။

ဤသို့သိဒ္ဓိကိုခံယူရာ၌ ဆရာက သိဒ္ဓိအ တုံးအခဲကြီးကို ပေးလိုက်သည် မဟုတ်ပေ။ အမှန် စင်စစ်မှာ သိဒ္ဓိပေါက်မြောက်ရေးအတွက် လုပ်ငန်း စဉ်ဖြစ်သော အလုပ်တစ်ခုကို သိဒ္ဓိရှင် ဆရာက မှာကြားလိုက်သည့်အတိုင်း ပြုလုပ်လျှင် သိဒ္ဓိသည် အလိုလိုကိုယ်မှာကပ်၍ သိဒ္ဓိတွေ ထိုးမှာကော နောက်ဆုံး၌ ကိုယ်ပိုင်သိဒ္ဓိရှင် ဖြစ်လာနိုင်လေ၏။ ဘိုးတော်ဘုရားအထံသို့ သွားကြသူများကို ဘိုး တော်ဘုရားက အသိအမှတ်ပြုလိုက်သော ပုဂ္ဂိုလ် တို့မှ အသိအမှတ်ပြုခံ၏။ အသိအမှတ်ပြုထိုက် လောက်အောင် ကိုယ်ကျင့်တရားမရှိသူများကိုမူ စကားမပြောဘဲ မျက်နှာလွှဲ၍ နေတော်မူလျှက်ရှိ သည်။

ဘိုးတော်ဘုရား အသိအမှတ်ပြုခံရသူများ ၌လည်း တစ်ဦးနှင့်တစ်ဦး မတူကြပေ။ ပါရမီအ ဆင့်အတန်းအလျောက် အသိအမှတ် ပြုလိုက် သည်ကို တွေ့ရပေသည်။

သို့ဖြစ်ခြင်းကြောင့် သိဒ္ဓိရှင်ဖြစ်လိုသူတို့ သည် မည်သည့်ဝခန်း မည်သည့်လမ်းနှင့်ပင် သိဒ္ဓိ ပေါက်လိုစေကာမူ ပဉ္စမဦးဆုံ ကိုယ်ပါးလုံပြီးစေရ မည်။ ထိုနောက် တန်ခိုးအခြေခံဖြစ်သော ဣဒ္ဓိခေါ် တန်ခိုးရှင်ဖြစ်မည်။ တန်ခိုးရှင်ဖြစ်မှသာ သိဒ္ဓိရှင်ဖြစ် နိုင်ပါ၏။

ဣဒ္ဓိပါဒ်ဟူသောစကားသည် မြန်မာစ ကားမဟုတ် ဣဒ္ဓိပါဒဟူသောပါဠိစကားရင်းမှ သက်ဆင်းလာသော စကားစွန်း ဖြစ်၏။ ဣဒ္ဓိတန် ခိုးပါဒ အခြေခံဟု ပြန်ဆိုရ၍ တန်ခိုးအခြေခံကိုပင် 'ဣဒ္ဓိပါဒ်' ခေါ်သည်ဟု မှတ်ရမည်။

ဥပမာ တစ်စုံတစ်ခုသောကိစ္စကို ပြီးစီးရေး (သိဒ္ဓိ)အတွက် ပဌမဦးဆုံး ပြီးစီးလိုတဲ့ ဆန္ဒသည် ဖြစ်ပေါ်လာ၏၊ ထိုဆန္ဒ စေတသိက်နှင့် ယှဉ်သော စိတ်ကို ကြီးမားထက်သန်အောင် အခြေခံထားပေး ခြင်းပင် ဆန္ဒိဒ္ဓိပါဒ်မည်၏။ ထိုဆန္ဒိဒ္ဓိပါဒ် စိတ္တိဒ္ဓိ ပါဒ်တို့ အစဉ်တစိုက် ဖြစ်နေလျှင် စိတ္တိဒ္ဓိပါဒ်လည်း အမြဲခိုင်တည်မြဲနေသည်ဟု မှတ်ရမည်။ ဤသို့ ဆန္ဒိဒ္ဓိပါဒ် စိတ္တိဒ္ဓိပါဒ်တို့ အစဉ်တစိုက်ဖြစ်စေကာ အောင်မြင်ရေးအတွက် စိုက်ခြင်း၊ အောင်မြင် အောင် အားထုတ်ခြင်းတို့သည် ဝီရိယိဒ္ဓိပါဒ် ဝီမံသိဒ္ဓိ ပါဒ်တို့ဖြစ်လာသည်မည်၏။ ဤသို့ အခြေခံ ဣဒ္ဓိပါဒ်တွေ အစဉ်အစိုက် ဖြစ်လာပါက ဣဒ္ဓိအရှင် တန်ခိုးအရှင် ဖြစ်လာနိုင်ပြီ သိဒ္ဓိရှင် ထက်လမ်း သိဒ္ဓိရှင်စခန်းသို့ ရောက်နိုင်၏။ ။